မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၉၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံနေထိုင် မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ One China Policy ကို အမြဲတမ်းထောက်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဖူးကျင့်ပြည်နယ်အနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကို စိတ်ဝင်စား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားမည်

ဖူးကျင့်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဟွမ်ရှောက်ကျင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဖူးကျင့်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဟွမ်ရှောက်ကျင်း လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

ဖူးကျင့်ပြည်နယ် ရှားမင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဧပြီ ၁၉ ရက် ညနေ ၆ နာရီတွင် Yeohwa Hotel ပထမထပ်ရှိ Mandarin Grand Ballroom ၌ ဖူးကျင့်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဟွမ်ရှောက်ကျင်းက လာရောက် ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဧပြီ ၂၂ ရက်)

တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တည်တံ့ခိုင်မြဲ

၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ဧပြီလ ၁၇ ရက်နေ့တွင် စန်းရမြို့ Sheraton Hotel ၏ Seven Seas Ballroom ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ကမ္ဘာ့စီးပွားရေးနှင့် ငွေကြေးအကျပ်အတည်းကြုံသည့်အချိန်တွင် ယခု အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့ပြီး ဆွေးနွေးပွဲတွင် အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် ပူးပေါင်းယုံကြည်မှုမှတစ်ဆင့် အကျိုးတူပူးပေါင်းမှုများကို ပိုမိုနက်ရှိုင်းကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေမည်ဖြစ်သည်။

ယခုကျင်းပခဲ့သည့် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲတွင် မျက်မှောက်ကြုံနေရသည့် ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အာရှဒေသအပေါ် အကျိုးသက်ရောက်နိုင်မှုနှင့် အာရှဒေသအနေဖြင့် မည်ကဲ့သို့တုံ့ပြန်ကြမည်ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပေသည်။

ထို့အတူ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကျိုးဖြစ်ထွန်းမှုများ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းဖြစ်၍ မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်များကို တရုတ်နိုင်ငံမှ ထောက်ခံလျက်ရှိကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို တည်တံ့ခိုင်မြဲစေပြီး ပူးပေါင်းဆောင်ရွက်မှုများသည်လည်း ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်ပြင်သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် ဧပြီ ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် ဧပြီ ၁၀ရက်က တာဝန်ရှိသူများလိုက်ပါလျက် ကျိုင်းတုံ-မိုင်းလားကားလမ်းနှင့် ကားလမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ၊ မိုင်းလားမြို့နယ်အတွင်း ရာသီသီးနှံနှင့် နှစ်ရှည်စားသုံးသီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းလားမြို့သို့ရောက်ရှိပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းခန်းမ၌ကျင်းပသည့် အခြေခံအဆောက်အအုံ လျှပ်စစ်နှင့်ဂဟေ၊ စက်ပြင်သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းလက်တွေ့ခန်းအတွင်း အသုံးပြုသည့် သင်ထောက်ကူပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၂၂-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၄၅	၁၅။	ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၁)
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၂၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၄၆)

ကောက်စိုက်စက်များပေးအပ်ပွဲနှင့် စက်ဖြင့်စိုက်ပျိုးပြသပွဲ

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဧပြီ ၂၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသို့ ကောက်စိုက်စက်များပေးအပ်ပွဲနှင့် စက်ဖြင့်စိုက်ပျိုးပြသပွဲ အခမ်းအနားကို မတ် ၃၁ရက် မွန်းလွဲ ၂နာရီခွဲက ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာနေ တောင်သူဦးတင်လှ၏လယ်မြေအနီး ယာယီမဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းအတွင်း ဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ရေးမှူးနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာန ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီးနောက် တာဝန်ရှိသူများအား ကောက်စိုက်စက် တစ်စီးစီကို ပေးအပ်သည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသော အထွက်တိုးစပါးမျိုးများ၊ ဆန်နှင့်ပျိုးပင်နမူနာများ၊ သီးနှံဖျက်ပိုးများနှင့် ကာကွယ်ဆေးများ၊ သဘာဝမြေဩဇာများနှင့် သဘာဝရွက်ဖျန်း အပင်အားဖြည့်ဆေးရည်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

လက်တွေ့စိုက်ပျိုး

ထို့နောက် တိုင်းမှူးသည် တောင်သူဦးတင်လှ၏လယ်၌ ပေါင်ဖြင့် ပျိုးထောင်မှုနှင့် လက်တွေ့စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သပြေဝ(မိတ္ထီလာ) ပင်မဓာတ်အားခွဲရုံ

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စစ်ဆေး

နေပြည်တော် ဧပြီ ၂၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၁၈ရက် ညနေပိုင်းက မန္တလေးတိုင်း မိတ္ထီလာမြို့နယ်ရှိ ၂၃၀/၃၃ KV (၆၀) MVA သပြေဝ(မိတ္ထီလာ) ပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဓာတ်အားခွဲရုံ Switch Yard အတွင်း ၂၃၀ KV မိတ္ထီလာ-တောင်တွင်းကြီး မဟာဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ ၂၃၀ KV ရဲရွာ-မိတ္ထီလာ မဟာဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းထားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅	MRTV-4 နံနက်ခင်းသတင်း
၆း၀၀	**ကံကိုမပါယ်မတွယ်နှင့်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၄၅	အံ့ဖွယ်ထင်ရှားကျိုက္ကမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
၇း၀၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၂)
၇း၃၀	TOM & JERRY
၈း၀၀	MRTV-4 နံနက်ခင်းသတင်း
၈း၄၅	Industrial Talk
၉း၁၀	Myanmar Video Rhythm
၉း၄၅	သီးနှံစိုက်ပျိုးအထွက်တိုး စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင် စိုက်ကြစို့
၉း၅၀	Own Creative Fashion
၁၀း၀၅	ပင်လယ်ဝကမ်းခြေ ဘုရားတောင်ဘုရားနှင့် အေးငြိမ်းသာယာ အစင်စံပြကျေးရွာ
၁၀း၂၅	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Eternal Flowers Floral Services Gift Shop)
၁၀း၃၅	အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၁၁း၁၅	Activities in the City (မိုးယံဖွန်စာနယ်ဇင်းအပ်နှံပွဲနှင့် ကန်တော့ပွဲပေးအခမ်းအနား)
၁၁း၃၀	အားလပ်ရက်တစ်နေ့မှာ စားချင်ဖွယ်ရာ ဂျင်ဆင်းဟော့ပေါ့ အရသာ
၁၁း၄၅	Shooting Location (ကီလီ ၆)
၁၂း၁၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ရသာဆန်းပြား ပီဇာအစားအစာများ) (အပိုင်း-၁)
၁၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁း၀၀	**ကံကိုမပါယ်မတွယ်နှင့်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၁း၄၅	ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင် သဘာဝလိုဏ်ဂူတော်
၂း၁၀	ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၂း၃၅	ကုန်ထုတ်အစွမ်းနှင့်ပန်း
၂း၅၅	ကလေးတို့အတွက်လက်ဆောင် (ရောင်စုံဂျုံရုပ်လေးများ)
၃း၁၅	The Smiling of Angkor
၄း၀၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားကျန်းမာရေး) (ဒေါက်တာစိုးဝင်းဦးနှင့် တွေ့ဆုံခြင်း)
၄း၃၅	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၅း၀၅	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Eternal Flowers Floral Services Gift Shop)
၅း၂၀	ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ Resource Centre မှာ
၅း၃၅	နွေမိုးဆောင်းဥတုသုံးမျိုး၏ လက်တွဲအဖော်မွန်
၅း၅၀	တံငါတံတား
၆း၀၀	MRTV-4 ညနေခင်းသတင်း
၆း၁၅	Myanmar Video Rhythm
၆း၄၀	အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၇း၀၅	Own Creative Fashion
၇း၂၀	Hotel Guide (Sedona Hotel)
၈း၀၀	MRTV-4 သတင်း
၈း၁၅	The Smiling of Angkor
၉း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၂)
၁၀း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅	ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၁၂း၁၀	ပင်လယ်ဝကမ်းခြေ ဘုရားတောင်ဘုရားနှင့် အေးငြိမ်းသာယာ အစင်စံပြကျေးရွာ
၁၂း၃၅	Shooting Location (ကီလီ ၆)
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၃) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Chelsea-Everton	Star Sports (Live)

Barclay Premier League ပွဲစဉ်(၂၉) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Man U-Portsmouth	ESPN (Live)

22-4 (02).pmd 1 4/22/2009, 2:42 AM

ကြီးအုံကြီး၀ ရေလှောင်တမံစီမံကိန်း မကွေးတိုင်း ပွင့်ဖြူမြို့နယ်၌ တည်ဆောက်နေ
ရေလှောင်တမံစီမံကိန်းမှ ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အကြီးအကဲ၏ မန္တလေးတိုင်းခရီးစဉ်တွင် လိုက်ပါလာကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဧပြီ၂၀ရက် နံနက် ၁၁နာရီတွင် ရဟတ်ယာဉ်ဖြင့် မန္တလေးမြို့မှ ပုဂံ ညောင်ဦးမြို့သို့ ထိုမှတစ်ဆင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါ၍ မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် သူကောင်းကျင်းရွာအနီး မုန်းချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူတည်ဆောက်နေသော အထက်ဗူးရွာ ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြရာ မွန်းလွဲပိုင်း၌ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အုန်းက အထက်ဗူးရွာ ရေလှောင်တမံစီမံကိန်း၏ အကြိုတည်ဆောက်ရေးလုပ်ငန်းများ၊ ရေစိမ့်တားနံရံ တည်ဆောက်ရန် ဘူမိဗေဒဆိုင်ရာ အချက်အလက်များစမ်းသပ်ခြင်း၊ တမံတည်ဆောက်ရန် မြေသားအမျိုးအစား ဘူမိဗေဒဆိုင်ရာ စမ်းသပ်နေမှုများ၊ ရေလွှဲဥမင်လိုဏ် နှင့် ရေအားလျှပ်စစ်ဥမင်လိုဏ် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများတည်ဆောက်ရန်နှင့် ရေပိုလွှဲတည်ဆောက်ရန်နေရာများ တိုင်းတာနေမှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထုတ်လုပ်ပေးနိုင်

အထက်ဗူးရွာ ရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၂၅မိုင်ခန့်အကွာ သူကောင်းကျင်းရွာအနီး မုန်းချောင်း အထက်ပိုင်းပေါ်၌ တမံအလျားပေ၄၀၀၀၊ အမြင့်၄၅၁ပေရှိသည့် ကျောက်ဖြည့်ရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းဖြစ်ပြီး ရေလှောင်နိုင်သည့် ပမာဏ ဧကပေ ၁၄သိန်းကျော်ရှိကာ လျှပ်စစ်ဓာတ်အားကိုလည်း ရေအားလျှပ်စစ်တာဘိုင်စက် နှစ်လုံးဖြင့် မဂ္ဂါဝပ်၁၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၁၃ မိုင်ခန့်အကွာ အထက်ဗူးရွာ စီမံကိန်း၏ အောက်ဘက်ရှိ ဗူးရွာရေလှောင်တမံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက် နှမ်းပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် ရှုရပ်မှနေ၍ ဗူးရွာ ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဗူးရွာရေလှောင်တမံစီမံကိန်း၏ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်ကလည်း အထက်ဗူးရွာနှင့် ဗူးရွာရေအားလျှပ်စစ်စက်ရုံများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း လျာထားသတ်မှတ်ချိန်အတွင်း ပြီးစီးရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ရေး ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ဗူးရွာရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ရေစိမ့်တားနံရံ တည်ဆောက်နေမှု၊ ပင်မတမံ သပ်ကျင်း တူးဖော်မှု၊ တမံမြေသားဖို့နေမှု၊ ဘိလပ်မြေ မှုတ်သွင်းနေမှု၊ ရေလွှဲမြောင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဗူးရွာ ရေလှောင်တမံစီမံကိန်းသည် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၁၃မိုင်ခန့်အကွာ မုန်းချောင်းပေါ်၌ တမံအလျားပေ၃၂၀၀၊ အမြင့် ၁၅၁ပေရှိသည့် မြေသားတမံ(ဇုန်အမျိုးအစား)အဖြစ် တည်ဆောက်ပြီး ရေအားလျှပ်စစ်(၂၁ မဂ္ဂါဝပ် × ၂ လုံး) တပ်ဆင်၍ နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၁၉၅ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်သည်။

ပိုမိုခိုင်မာ

ဗူးရွာရေလှောင်တမံ စီမံကိန်းပြီးစီးပါက မုန်းချောင်းရေလှောင်တမံသို့ ရေကူ ရေဖြည့်ပေးခြင်းဖြင့် အောက်ဘက်ပိုင်းရှိ မုန်းချောင်းရေအားလျှပ်စစ်နှင့် တည်ဆောက်ဆဲ ကြီးအုံကြီး၀ ရေအားလျှပ်စစ်တို့၏ ဓာတ်အားထုတ်လုပ်နိုင်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် မုန်းချောင်းအောက်ဆုံးပိုင်း၌ တည်ဆောက်နေသော ကြီးအုံကြီး၀ ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြီးအုံကြီး၀ ရေလှောင်တမံစီမံကိန်း၏ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

မေးမြန်းမှာကြား

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးကလည်း မုန်းချောင်းရေလှောင်တမံ အဆင့်ဆင့်ကဲ့သို့ပင် စလင်းရေလှောင်တမံ၏ ရေကူတမံအဆင့်ဆင့် တည်ဆောက်နိုင်မည့် အခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မေးမြန်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဝန်ကြီးများသည် ကြီးအုံကြီး၀ ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ပင်မတမံတည်ဆောက်ပြီးစီးမှု၊ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်နေမှု၊ ဖိအားမြှင့် သံမဏိပိုက်လုံးများ တည်ဆောက်နေမှု၊ ရေအားစက်ရုံ တည်ဆောက်မည့် နေရာအောက်ဘက်ပိုင်းတွင် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

တည်ဆောက်

ကြီးအုံကြီး၀ ရေလှောင်တမံစီမံကိန်းကို မကွေးတိုင်း ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တမံအလျားပေ ၃၂၈၀၊ အမြင့်၁၆၄ပေရှိသည့် မြေသားတမံ(ဇုန်အမျိုးအစား)နှင့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နေခြင်းဖြစ်သည်။

ကြီးအုံကြီး၀ ရေလှောင်တမံစီမံကိန်းသည် မုန်းချောင်းရေလှောင်တမံမှ ထုတ်လွှတ်သော ရေများနှင့် တမံနှစ်ခုအကြား စီးဝင်ရေများကို စုပေါင်းသိုလှောင်ပြီး ရေအားလျှပ်စစ် ၇၄မဂ္ဂါဝပ်ကို ထပ်မံထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်သည့်အပြင် မဲဇလီရေလွှဲဆည်မှ တစ်ဆင့်လယ်မြေဧက တစ်သိန်းခန့်ကို မိုးစပါးအတွက် ရေအလုံအလောက် ပေးဝေနိုင်ပြီး နွေစပါး ၇၄၈၀၇ဧကခန့်ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဝန်ကြီးများသည် ရဟတ်ယာဉ်ဖြင့် ကြီးအုံကြီး၀ စီမံကိန်း၏ အောက်ဘက် မဲဇလီရေလွှဲဆည်မှ ရေပေးဝေပြီး နွေစပါး စိုက်ပျိုးထားရှိမှုကို စစ်ဆေး၍ နေပြည်တော်သို့ ညနေ ၅နာရီခွဲတွင် ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ရောဝတီတိုင်း မြန်အောင်မြို့နယ် မကျည်းကွင်း-တလုတ္တော်မြေသားလမ်းနှင့် တလုတ္တော်တံတားဖွင့်ပွဲကျင်းပ

မြန်အောင် ဧပြီ ၂၁

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မကျည်းကွင်း-တလုတ္တော် မြေသားလမ်းနှင့် တလုတ္တော် တံတားဖွင့်ပွဲ အခမ်းအနားကို မတ်၃၁ရက် နံနက် ၈နာရီက အဆိုပါမုခ်ဦးရှေ့၌ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကျော်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို့နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

ရှေးဦးစွာ မြန်အောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကျော်ဇင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်ဝင်းဆွေတို့က လမ်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

မကျည်းကွင်း-တလုတ္တော်မြေသားလမ်းမှာ အရှည်ပေ ၉၇၀၀၊ အကျယ်၁၆ပေရှိပြီး နိုင်ငံတော်ထောက်ပံ့ ငွေကျပ် ၃၉၀၀၀၀၀နှင့် တလုတ္တော်တံတားအား အရှည်၁၄၆ပေ၊ အကျယ် ၈ပေ၊ အမြင့် ၁၀ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၃၃၇၅၀၀၀၊ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၁၈၀၀၀၀၊ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်၂၀၀၀၀၀၀ စုစုပေါင်းငွေကျပ် ၇၅၅၅၀၀၀ တို့ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ အချိန်မရွေး ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်၍ ကျေးလက်ဒေသလူမှုရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သံမဏိမိုများ ပြုလုပ်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) လှော်ကားရေတွန်းစက်ရုံသို့ ရောက်ရှိပြီး မန္တလေးတိုင်း သာစည်မြို့နယ် ပျဉ်ညောင်ဒေသရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘိလပ်မြေစက်ရုံ ဘိလပ်မြေသိုလှောင်ကန်၌ အသုံးပြုဆောင်ရွက်မည့် Cement Silo Mould Plate များ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် ဌာနခွဲမှူး ဦးဝင်းအောင်တို့က အတွင်း အချင်း ၁၂ မီတာနှင့် အပြင်အချင်း ၁၂ဒသမ ၅မီတာများရှိ သံမဏိမိုများ ပြုလုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခင်နှစ်အတွင်း ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြားမှပင် ဗီယက်နမ်နှင့်တရုတ် ကုန်သွယ်မှုကဏ္ဍတိုးမြှင့်နိုင်ခဲ့

ကွမ်ကျို့ ဧပြီ ၂၁

ယခင်နှစ်အတွင်းက ကမ္ဘာ့ငွေကြေးဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့်ကြားမှပင် တရုတ်နိုင်ငံ ကွမ်ဒေါင်းပြည်နယ်နှင့် ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍသည် ၃၇ရာခိုင်နှုန်း တိုးမြှင့်လျက်ရှိကြောင်း၊ ၎င်းနှစ်နိုင်ငံ၏ ကုန်သွယ်မှု အကျိုးတူပူးပေါင်းဆောင်ရွက်ရေးသည် လျင်လျင်မြန်မြန် ထိုးဖောက်ဝင်ရောက်လျက်ရှိကြောင်း ဧပြီ ၁၉ ရက်တွင် ဗီယက်နမ် ဝန်ကြီးချုပ်နယင်တန်ဒေါင်က ပြောကြားသည်။

၎င်းနှစ်နိုင်ငံ အစိုးရနှင့် ပြည်သူများအနေဖြင့် ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြားမှပင် ရပ်တန့်မနေဘဲ ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အစွမ်းကုန်ကြိုးပမ်းကာ အောင်အောင်မြင်မြင် လျှောက်လှမ်းနိုင်ခဲ့ကြောင်း နယင်က ထပ်လောင်းပြောကြားသည်။

မျှော်မှန်းထား

ယခုနှစ်အတွင်း ကွမ်ဒေါင်းပြည်နယ်၏ ပြည်တွင်းကုန်ထုတ်လုပ်မှု ပမာဏကို ၅ဒသမ၅ရာခိုင်နှုန်း ရောက်ရှိနိုင်ရန် မျှော်မှန်းထားရှိပြီး ဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

အလားတူ ဗီယက်နမ်နိုင်ငံမှ ကျောက်မီးသွေးတန်ချိန် သန်း ၂၀တင်ပို့မည်ဖြစ်ပြီး စွမ်းအင်ကဏ္ဍတွင် အဓိကလုပ်ငန်းစီမံကိန်းအဖြစ် ရင်းနှီးမြှုပ်နှံကာ အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

(အင်တာနက်)

၂၀၀၉ ခုနှစ် အာဖဂန်အကြမ်းဖက်နှိမ်နင်းရေး စိန်ခေါ်မှုတစ်ရပ်ဟု ကာကွယ်ရေးဝန်ကြီးပြောကြား

ကဘူးလ် ဧပြီ ၂၁

အာဖဂန်နစ္စတန်၌ ယခုနှစ်အတွင်း အကြမ်းဖက်နှိမ်နင်းရေးစိန်ခေါ်မှုတစ်ရပ်အဖြစ် ၎င်းနိုင်ငံအမျိုးသားတပ်ဖွဲ့အင်အားကို အခိုင်အမာတည်ဆောက်ရန် အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး အဗ္ဗဒူရာဟင်မ်ဝါဒက်က ဧပြီ ၁၉ ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

ယခုနှစ်တွင် ၎င်းစိန်ခေါ်မှု၏ အကျိုးရလဒ်ကောင်းများရရှိနိုင်မည်ဖြစ်ကြောင်းကို နေတိုးဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့ အိုင်အက်စ်အေအက်ဖ်နှင့် ပူးပေါင်းဆောင်ရွက်သည့် သတင်းစာရှင်းလင်းပွဲ၌ ဝါဒက်က သတင်းထောက်များအား ပြောကြားသည်။

လျော့နည်းပပျောက်

အာဖဂန်နစ္စတန်၌ လာမည့်ရွေးကောက်ပွဲကာလတွင် နိုင်ငံတွင်း လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းကာ လက်နက်ကိုင်သောင်းကျန်းသူများ လျော့နည်းပပျောက်စေရေးအတွက် ယခုနှစ်ဆောင်းရာသီ၌ အိုင်အက်စ်အေအက်ဖ်နှင့် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့တို့ပူးပေါင်းကာ တာလီဘန်လက်နက်ကိုင်များအား နှိမ်နင်းရန် အဗ္ဗဒူရာဟင်မ်ဝါဒက်က ထပ်လောင်းပြောကြားသည်။

ထပ်မံဖြန့်ချထား

အာဖဂန်နစ္စတန်တောင်ပိုင်းရှိ ဟယ်လ်မန်ပြည်နယ်၊ မာရာပြည်နယ်၊ ကန်ဒါဟာပြည်နယ်နှင့် ဇာဘူးလ်ပြည်နယ်တို့၌ နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်သစ်များ ထပ်မံတပ်ဖြန့်ချထားမည် ဖြစ်ကြောင်း အိုင်အက်စ်အေအက်ဖ်မှ အကြီးအကဲက ပြောကြားသည်။(အင်တာနက်)

ပြင်သစ်နိုင်ငံမြောက်ပိုင်း ဘာရက်ဆာရာမာဒေသ၌ အပြည်ပြည်ဆိုင်ရာ စွန်လွှတ်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နေသူတစ်ဦးအား ဧပြီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တာလီဘန်တို့နှင့် တိုက်ရိုက် ဆွေးနွေးခြင်းမပြုရန် သမ္မတကာဇိုင်း အမေရိကန်ကိုသတိပေး

ကဘူးလ် ဧပြီ ၂၁

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက သူ့နိုင်ငံ၌ တာလီဘန်အဖွဲ့ဝင်များနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှု မပြုလုပ်ရန် အမေရိကန်တို့ကို သတိပေးလိုက်သည်။

အာဖဂန်နစ္စတန်ရောက် အမေရိကန်တပ်မှူးများက တာလီဘန်သူပုန်များနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးရေး မဟာဗျူဟာချမှတ်မှုကို ဧပြီ ၁၉ရက်က တွေ့ဆုံမေးမြန်းခန်းတွင် သမ္မတ ဟာမစ်ကာဇိုင်းက ငြင်းပယ်လိုက်ခြင်း ဖြစ်သည်။

အမေရိကန်အစိုးရက အာဖဂန်နစ္စတန်မှ တာလီဘန်အစိုးရကို ဖယ်ရှားရန်၊ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်အား ဖမ်းဆီးရန်နှင့် ဒေသတွင်း လုံခြုံရေးရရှိရန် အာဖဂန်နစ္စတန်နိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီး ခုနစ်နှစ်ခွဲကြာသောအခါ အာဖဂန်နစ္စတန် အစွန်းရောက်များနှင့် စပ်လျဉ်း၍ သဘောထား လုံးဝပြောင်းလဲသွားသည်။

(အင်တာနက်)

ဆေးကုသမှုခံယူ

အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ အရပ်သားတစ်ဦး ဆေးကုသမှု ခံယူနေသည်ကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂါဇာကမ်းမြောင် သတ်ဖြတ်မှု စွပ်စွဲချက် မဟုတ်မမှန်ကြောင်း ဟားမတ်စ်အဖွဲ့က ငြင်းဆို

ဂါဇာ ဧပြီ ၂၁

ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ရှိ နိုင်ငံရေး ပြိုင်ဘက်နှင့် အစ္စရေးနှင့်ပူးပေါင်းဆောင်ရွက်သူ အများအပြားသေဆုံးခဲ့ကြသည်ဟု နိုင်ငံတကာလူ့အခွင့်အရေးအုပ်စု၏ စွပ်စွဲချက် မှန်ကန်မှုမရှိကြောင်း ဟားမတ်စ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ငြင်းဆန်လိုက်သည်။

ပူးပေါင်းဆောင်ရွက်

ဟားမတ်စ်အဖွဲ့က ၎င်းတို့ထိန်းချုပ်ထားရာ နယ်မြေအတွင်း အစ္စရေးက ၂၂ ရက်ကြာ ထိုးစစ်ဆင်တိုက်ခိုက်စဉ်နှင့် တိုက်ခိုက်ခဲ့ပြီးသည့်နောက် တရားလက်လွတ်သတ်ဖြတ်ခဲ့ရာ ပါလက်စတိုင်း ၃၂ဦးထက်မနည်းသေဆုံးခဲ့ပြီး အထူးသဖြင့် သေဆုံးသူအများစုမှာ ပူးပေါင်းဆောင်ရွက်သူများ ဖြစ်ကြသည်ဟု နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ဧပြီ ၂၀ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာသည် တရားမျှတမှုမရှိဟု ဂါဇာရှိဟားမတ်စ် ပြောရေးဆိုခွင့်ရှိသူ ဖော်ဇီဘာသွန်က ပြောကြားသည်။ (အင်တာနက်)

အီရတ်၌ တိုက်ခိုက်မှုဖြစ်ပွား ငါးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၏ စစ်ဆေးရေးဂိတ်နှစ်ခုတွင် ရဲတပ်ဖွဲ့ဝင်သုံးဦးတို့သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

သေနတ်သမားများက မိုဆူးလ်မြို့တွင် ရဲတပ်ဖွဲ့ဝင်များအား ဧပြီ ၁၉ ရက်က သေနတ်ဖြင့်ပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသည်ဟု ရဲအရာရှိကအေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

ဖြစ်ပွား

အလားတူ မိုဆူးလ်မြို့၏ အခြားတစ်နေရာတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

အီရတ်နိုင်ငံအတွင်း ယခုလစောစောပိုင်းတွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ၉၂ ဦးထက်မနည်းသေဆုံးပြီး ၃၀၀ခန့် ဒဏ်ရာရရှိခဲ့ကြသည်ဟု အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။ (အင်တာနက်)



တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ယူနန်ပြည်နယ်၌ လေပြင်းမုန်တိုင်း တိုက်ခတ်သဖြင့် သစ်ပင်များ ပြိုလဲကျနေသည်ကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အသိမ်းပိုက်ခံနယ်မြေ အစ္စရေးနေအိမ်များတည်ဆောက်မှု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်ဟုဆို

ကုလသမဂ္ဂ ဧပြီ ၂၁

အသိမ်းပိုက်ခံ နယ်မြေအတွင်း အစ္စရေး လူနေအိမ်များ တည်ဆောက်နေထိုင်မှုများသည် အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရှေ့မတိုးနောက်မဆုတ် ဖြစ်ရမှု၏ နောက်ကွယ်မှ ပင်မအကြောင်းအရင်းဖြစ်ကြောင်း ကုလသမဂ္ဂက ကြေညာသည်။

အစ္စရေးလူနေအိမ်များ တည်ဆောက်ခြင်းမှာ အစ္စရေး-ပါလက်စတိုင်း နှစ်နိုင်ငံ ယှဉ်တွဲနေထိုင်ရေး ဖြေရှင်းမှုနှင့် ဆန့်ကျင်နေကြောင်းကို မိမိတို့အကြိမ်ကြိမ်အသိပေးပြီးဖြစ်သဖြင့် လူနေအိမ်တည်ဆောက်နေခြင်းကို ရပ်စဲပစ်ရမည်ဟု ကုလသမဂ္ဂ လုံခြုံရေးကောင်စီ လပတ်အစီရင်ခံစဉ် ကုလသမဂ္ဂနိုင်ငံရေးရာ လက်ထောက်အတွင်းရေးမှူးချုပ် လင်းပက်စကိုးက တင်ပြ လိုက်သည်။

အသိမ်းပိုက်ခံနယ်မြေအတွင်း လူနေအိမ်များ တည်ဆောက်ခြင်းမှာ တရားမဝင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

(အင်တာနက်)

လစ်လပ် အီရတ်လွှတ်တော် ဥက္ကဋ္ဌ အယ်သာမာရိုင်းအား ရွေးချယ်တင်မြှောက်

ဘဂ္ဂဒက် ဧပြီ ၂၁

လေးလကြာလစ်လပ်လျက်ရှိသော အီရတ်လွှတ်တော်ဥက္ကဋ္ဌရာထူးကို အီရတ်အမတ်များက အယ်သာမာရိုင်းအား ဧပြီ ၂၀ ရက်တွင် ရွေးချယ်တင်မြှောက်လိုက်သည်။

ထောက်ခံမဲပေး

အီရတ်နိုင်ငံ၌ ဆွန်နီအုပ်စုများတွင် အင်အားအကြီးဆုံးဖြစ်သည့် အမျိုးသား ညီညွတ်ရေးတပ်ဦးပါတီ ခေါင်းဆောင် အယ်သာမာရိုင်းအား ထောက်ခံမဲ ၁၅၃ မဲဖြင့် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်လိုက်ခြင်း ဖြစ်သည်။ မဲပေးသူအမတ်၂၃၂ဦး ရှိသည့်အနက် ၎င်း၏တစ်ဦးတည်းသော ပြိုင်ဘက် မူစာတာဖာအယ်ဟီတီအား ထောက်ခံမဲပေးသူ ၃၄ ဦးသာရှိသည်။ အမတ် ၄၅ဦးတို့က ကြားနေမဲပေးကြသည်ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေ သုံးလအတွင်း အခက်ခဲဆုံးလုပ်ငန်းတစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရှီးယိုက်အမတ်ခါလစ်အယ်အတ်တီးယားက ပြောကြားသည်။ (အင်တာနက်)

လှုပ်လှုပ်ရှားရှား အင်တာနက်သတင်းပုံရိပ်များ

လှုပ်လှုပ်ရှားရှား အင်တာနက်သတင်းပုံရိပ်များ လှုပ်လှုပ်ရှားရှား အင်တာနက်သတင်းပုံရိပ်များ လှုပ်လှုပ်ရှားရှား အင်တာနက်သတင်းပုံရိပ်များ လှုပ်လှုပ်ရှားရှား အင်တာနက်သတင်းပုံရိပ်များ



အံ့ဖွယ်ဆိုင်ကယ်စီးနင်းမှု

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ပြင်၌ ဧပြီ ၁၅ရက်က စိတ်ကြိုက် စတန့်ဆိုင်ကယ်စီးပြိုင်ပွဲကျင်းပခဲ့ရာ ပြိုင်ပွဲဝင်များ၏ ပါဝင်ယှဉ်ပြိုင်မှုကို သတင်းဓာတ်ပုံဖြင့် ဤသို့အသည်းယားဖွယ် မြင်တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ရေခဲရေအတွင်း ဒိုင်ဗင်ထိုးပြ

ဝင်ရိုးစွန်းဒေသ အာတိတ်ရေခဲပြင်၏ ရေခဲရေများအတွင်း အသက် ၃၇နှစ်အရွယ်ရှိ ဗြိတိန်နိုင်ငံသားလူးဝစ်ဂေါ်ဒွန်ပွတ်က ဧပြီ ၁၈ရက်၌ ဤသို့ ဒိုင်ဗင်ထိုးကာ အချိန် ၁၈မိနစ်နှင့်စက္ကန့် ၅၀ကြာအောင် ရေခဲရေများအတွင်း ကူးခတ်နေထိုင်ပြခဲ့သည်မှာ…

(အင်တာနက်ဓာတ်ပုံ)

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

ဝက်ဝံကုတ်ခြစ်ခံရ

ဂျာမနီနိုင်ငံ ဘာလင်မြို့ တိရစ္ဆာန်ဥယျာဉ်၌ ဧပြီ၉ရက်က ဝင်ရိုးစွန်းဝက်ဝံများလှောင်ထားသည့်နေရာအတွင်းသို့ အမျိုးသမီးတစ်ဦး ခုန်ဆင်းပြီး ဝက်ဝံများရေစိမ်ရာ ရေကန်အတွင်း ဝင်ရောက်ဆော့ကစားခဲ့သဖြင့် ဝက်ဝံများက ကိုက်ဖဲ့ကုတ်ခြစ်ခဲ့ရာ ဒဏ်ရာများစွာရရှိခဲ့သည့် ဖြစ်ရပ်ဓာတ်ပုံကလည်း….။ **(အင်တာနက်ဓာတ်ပုံ)**

အပိုင်စီးလေယာဉ်

ကနေဒါလေကြောင်းပိုင် ခရီးသည်လေယာဉ်တစ်စင်းအား ဧပြီ၂၀ရက်၌ အပိုင်စီးသူ သေနတ်သမားတစ်ဦးက ဂျမေကာ နိုင်ငံတကာလေဆိပ်သို့ ဆင်းသက်စေခဲ့သည်။ ဂျမေကာနိုင်ငံမှ တာဝန်ရှိသူများ၏ ကြိုးပမ်း ဆောင်ရွက်မှုကြောင့် အပိုင်စီးသူအဖမ်းခံခဲ့ရသည်။ လေယာဉ် အပိုင်စီးမှုဖြစ်စဉ် မြင်ကွင်းကို ဤသို့ ဓာတ်ပုံမှတ်တမ်း တင်နိုင်ခဲ့သည်။ (ဝဲပုံ)

(အင်တာနက်ဓာတ်ပုံ)

ဂမ်ဘီယာသမ္မတနိုင်ငံဆိုသည်မှာ….

သတင်းအက်ဆေး

ဂမ်ဘီယာသမ္မတနိုင်ငံသည် အာဖရိကတိုက် အနောက်ဘက်စွန်းအနီး အတ္တလန္တိတ်ကမ်းခြေဒေသတွင် တည်ရှိသည်။ ဆီနီဂေါနိုင်ငံက သုံးဖက်သုံးတန်မှ ဝန်းရံထားသည်။ ဤနိုင်ငံသည် အာဖရိကတိုက်မှ အသေးငယ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် အာဖရိကတိုက် အနောက်ပိုင်းမှ အခြားသော အိမ်နီးချင်းနိုင်ငံများနှင့်မတူဘဲ လွတ်လပ်ရေးရပြီးကတည်းက ကာလရှည်ကြာ တည်ငြိမ်မှုရှိနေသည့် နိုင်ငံဖြစ်သည်။



မြေပဲသီးနှံ

နိုင်ငံတည်ငြိမ်မှုရရှိနေခြင်းကြောင့် တိုင်းပြည်ကြွယ်ဝချမ်းသာသည်အထိတော့ ဖြစ်မလာသေးချေ။ ဂမ်ဘီယာမြစ်က နိုင်ငံကိုဖြတ်ပြီး တသွင်သွင်စီးဆင်းနေသော်ငြား၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေအကျယ်အဝန်းက တစ်တိုင်းပြည်လုံး၏ ခြောက်ပုံတစ်ပုံသာရှိရုံမက မြေဆီလွှာညံ့ဖျင်းမှုကြောင့် မြေပဲသီးနှံတစ်မျိုးတည်းသာ အဓိကစိုက်ပျိုးအောင်မြင်သည်။

ရေကြောင်းလမ်းအတွက် အသုံးဝင်လှသည့် ဂမ်ဘီယာမြစ်တစ်လျှောက် ပေါ်တူဂီတို့က ကုန်သွယ်ရေးစခန်းများကို ၁၄၅၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

၁၈၈၉ ခုနှစ်တွင် ဗြိတိန်နှင့် ပြင်သစ်တို့၏ဆန္ဒဖြင့် လက်ရှိနိုင်ငံ နယ်နိမိတ်ကို ရေးဆွဲသတ်မှတ်သည်။ ၁၈၉၄ ခုနှစ်တွင် ဗြိတိသျှအစောင့်အရှောက်ခံ နယ်မြေဖြစ်လာသည်။

လွတ်လပ်ရေး

၁၉၆၅ခုနှစ်တွင် လွတ်လပ်ရေးရသည်။ ပထမဆုံးဝန်ကြီးချုပ်မှာ ဒေါ်ဒါဂျာဝါရာဖြစ်သည်။ နောင်ငါးနှစ်အကြာ သမ္မတနိုင်ငံဖြစ်လာပြီး ဒေါ်ဒါဂျာဝါရာအား ဂမ်ဘီယာသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

၁၉၈၂ခုနှစ်တွင် ဂမ်ဘီယာနိုင်ငံနှင့် အိမ်နီးချင်း ဆီနီဂေါနိုင်ငံတို့က ဆီနီဂမ်ဘီယာဟူ၍ ဖက်ဒရေးရှင်း(ပြည်ထောင်စု) ဖွဲ့စည်းလိုက်သည်။ သို့သော် ၁၉၈၉ခုနှစ်တွင် နှစ်နိုင်ငံပေါင်းစည်းမှု ပြိုကွဲရသည်။ ၁၉၉၁ခုနှစ်တွင် နှစ်နိုင်ငံချစ်ကြည်ရေး စာချုပ်ချုပ်ဆိုသည်။

သမ္မတဖြစ်လာ

၁၉၉၄ခုနှစ်တွင် ဂမ်ဘီယာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ခေါင်းဆောင်ဖြစ်လာသူ ဂျာဝါရာဦးဆောင်သည့် အစိုးရကို ဗိုလ်ယာယာဂျမ်မေက အာဏာသိမ်းလိုက်သည်။ နောင်နှစ်နှစ်အကြာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲအနိုင်ရကာ မစ္စတာဂျမ်မေ သမ္မတဖြစ်လာသည်။ သူသည် ၂၀၀၆ခုနှစ် စက်တင်ဘာ သမ္မတရွေးကောက်ပွဲနှင့် တတိယအကြိမ် ပြန်လည်အရွေးခံရသည်။ သမ္မတသက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ အာဏာရပြီးကတည်းက အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရန်နှင့် ပြည်သူ့ဘဏ္ဍာကဲ့ယူမှုများ ဖော်ထုတ်ရန် အဖွဲ့များဖွဲ့ပေးသည်။ ၎င်းလက်ထက်တွင် စာသင်ကျောင်းများ၊ ဆေးရုံနှင့်လမ်းများ တိုးတက်ကောင်းမွန်လာသည်။ သို့သော် မီဒီယာကန့်သတ်ချုပ်ချယ်မှုများ ရှိသည်။

၄၃၆၁စတုရန်းမိုင် ကျယ်ဝန်းသည့် ဤနိုင်ငံမှာ ပြည်သူ ၁ ဒသမ ၅သန်း မှီတင်းနေထိုင်သည့် နိုင်ငံငယ်လေးဖြစ်သည်။

ဤနိုင်ငံသည် မြေပဲကို ပြည်ပသို့ တင်ပို့ရောင်းချရမှုအပေါ် အဓိကမှီခိုအားထားရသည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့်ပင် မြေပဲအထွက်နည်းလျှင်နည်းသလောက် ကမ္ဘာ့မြေပဲဈေးနှုန်း ကျဆင်းလျှင်ကျဆင်းသလောက် အခက်အခဲအကျပ်အတည်းနှင့် ကြုံတွေ့ရသည်။

နိုင်ငံခြားငွေ

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံသားများ ပြန်ပို့သည့်ငွေနှင့် ခရီးသွားလုပ်ငန်းမှရရှိသည့်ငွေများမှာ နိုင်ငံခြားငွေရပေါက်များဖြစ်သည်။

ထိုအတောအတွင်း သူ့လက်ထက်တွင် အာဏာသိမ်းရန်ကြိုးပမ်းသူ အရာရှိ ၁၀ ဦးအား ထောင်ဒဏ်ချမှတ် အပြစ်ပေးလိုက်သည်။

သမ္မတဂျမ်မေက ရေနံသိုက်များ ရှာဖွေတွေ့ရှိထားကြောင်း ကြေညာထားသည်။ အကယ်၍ ရေနံတူးဖော်ရောင်းချရလျှင် တစ်နိုင်ငံလုံးချမ်းသာကြွယ်ဝသည့် နိုင်ငံအဖြစ် ပြောင်းလဲပစ်ရန် မျှော်မှန်းထားသည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်။**

ဂမ်ဘီယာသမ္မတနိုင်ငံသည် အာဖရိကတိုက် အနောက်ဘက်စွန်းအနီး အတ္တလန္တိတ်ကမ်းခြေဒေသတွင် တည်ရှိ၊ ဆီနီဂေါနိုင်ငံက သုံးဖက်သုံးတန်မှ ဝန်းရံထား။ ဤနိုင်ငံသည် အာဖရိကတိုက်မှ အသေးငယ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်၊ သို့သော် အာဖရိကတိုက်အနောက်ပိုင်းမှ အခြားသော အိမ်နီးချင်း နိုင်ငံများနှင့်မတူဘဲ လွတ်လပ်ရေးရပြီးကတည်းက ကာလရှည်ကြာ တည်ငြိမ်မှုရှိနေသည့် နိုင်ငံဖြစ်။

ကမ္ဘာ့ဗဟုသုတ

ရှေးအကျဆုံး ပိရမစ်

ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် အကြီးဆုံးပိရမစ်မှာ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အနီး ဂိုင်ဇာမြို့၌တည်ရှိသော ကူဖူအမည်ရှိ ပိရမစ်ဖြစ်သည်။ (အောက်ပုံ)

အဆိုပါပိရမစ်ကို အီဂျစ်နိုင်ငံ၏ ဖာရိုးဘုရင်မင်းဆက် လေးဆက်မြောက်ဖြစ်သော ကူဖူဘုရင်လက်ထက်၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဘီစီ ၂၅၆၀၌တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ပြီး ယင်းဘီစီ ၂၅၆၀၌ပင် ကူဖူဘုရင်နတ်ရွာစံခဲ့ရာ ထိုပိရမစ်၌ပင် ဂူသွင်းခဲ့သည်။

ပထမဆုံးတည်ဆောက်

ကူဖူပိရမစ်သည် အမြင့် ၄၈၁ပေရှိပြီး အောက်ခြေမျက်နှာစာတစ်ဖက် အကျယ်မှာ ၇၅၁ပေရှိသည်။ ကျောက်တုံးပေါင်း နှစ်သန်းခန့်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ကူဖူပိရမစ်သည် အီဂျစ်နိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် ပထမဆုံးတည်ဆောက်ခဲ့သော ပိရမစ်ဖြစ်ကြောင်း အီဂျစ်သုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

ဘာဝဒေသနာ

■ ***He is pretty angry; you will have to handle him with kid gloves.***

❒ ***သူစိတ်ဆိုးနေလျှင် သင်လိုက်လိုက်လျောလျော ဆက်ဆံပါ။***

အဗ္ဗနူ ရက်ချ်မန် ဂျာမီ

(တာဂျစ်လူမျိုးကဗျာဆရာနှင့်အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်

တင်မာဝင်းနှင့် အေးသန္တာသိန်း

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မိုးကောင်း၌ မြို့အင်္ဂါရပ်နှင့်ညီညွတ်ရေး ဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့ သန့်ရှင်းသပ်ရပ်ရေး၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မတ် ၇ရက်က ပြည်ထောင်စု လမ်းမကြီးဘေး ဝဲယာတစ်လျှောက်၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

စဉ့်ကူး၌ ဘွဲ့တံဆိပ်ရသူအား ဂုဏ်ပြုပွဲကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကအမိန့်ကြေညာစာအမှတ် (၁/၂၀၀၉)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ချီးမြှင့်ခံရသော သုဓမ္မမဏိဇောတရေ ဘွဲ့တံဆိပ်တော်ရ ဦးဗိုလ်ချုပ်အား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၁ရက် ညနေ ၄နာရီက စဉ့်ကူးမြို့နယ် ဇေယျသိဒ္ဓိအောင်တော်မူမြတ်စွာဘုရားမွှေရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှက ဂုဏ်ပြုအမှာစကားပြောကြားပြီး ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်ယာဉ်ကြံ့ခိုင်တောင့်တင်းရေး မန္တလေး၌စစ်ဆေး

မန္တလေးခရိုင် မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးနှင့်အဖွဲ့သည် မန္တလေးမြို့ မီးသတ်စခန်းများရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်တောင့်တင်းရေးအတွက် ဖေဖော်ဝါရီ ၂၃ရက်က ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ အိမ်တော်ရာ မီးသတ်စခန်းရှိ မီးသတ်ယာဉ်များကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

(၀၉၀)

မြောက်ဦးစည်ပင် မြို့ပတ်လမ်း ကတ္တရာခင်း

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၂၄ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့က ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

နွားထိုးကြီး၌ မြို့တွင်းလမ်းများ ပြုပြင်

လမ်းကြောင့်ယာဉ်အန္တရာယ်၊ လူအန္တရာယ်မဖြစ်စေရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နွားထိုးကြီးမြို့အတွင်းရှိ မြင်းခြံ ရေဝန်းလမ်းမတော်လမ်းမကြီးကို မတ် ၁၇ရက်က မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာဦးလှငွေ ကြီးကြပ်မှုဖြင့် လမ်းပေါက်များကို ကတ္တရာကျောက်များနှင့် ဖာထေးပြုပြင်ဆောင်ရွက်ခဲ့သည်။

(၀၉၂)

သကြန်မိုး သာစည်တွင်ရွာသွန်းခဲ့

သာစည်မြို့နယ်တွင် မတ်၃၁ရက်က သကြန်မိုးဦး စတင်ရွာသွန်းလိုက်သဖြင့် အပူချိန်များကျဆင်းသွားပြီး ကျေးရွာများ၌ တောင်သူများ စိုက်ပျိုးထားသည့် ဆောင်းမိုးထောင် ငရုတ်ပင်များမှာလည်း သကြန်မိုးဦးရေ ရရှိလိုက်သဖြင့် စိမ်းစိုလာကြသည်။ ထို့အပြင် မိုးဦးစောစွာ ရွာသွန်းမှုကြောင့် တောင်သူများ မိုးဦးနှမ်းကြဲပက်ရန်အတွက် လယ်ယာခွင်များ၌ ထွန်ရေးပြင်ဆင်မှုများ ပြုလုပ်နေကြကြောင်း သိရသည်။

(၀၉၄)

မြိုင်မြို့နယ်စည်ပင် မြို့လှပရေးပြုလုပ်

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော မြို့အဝင် ဆိုင်းဘုတ်ရှေ့၌ ပန်းပွင့်အဝိုင်းပုံ ပြုလုပ်ခြင်းကို မတ် ၁၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဇော်မင်းဦး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်ဟန် ကြပ်မတ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

မီးကြိုတင်ကာကွယ်နိုင်ရေး လင်းခေး၌လေ့ကျင့်

လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မြို့နယ်နှင့် မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ဈေးအတွင်း မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို မတ်၃၀ရက် မွန်းလွဲ ၁နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုး၊ မြို့နယ်အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးနှင့် မီးသတ်တပ်ခွဲမှူး ဦးငွေအောင်တို့က ကြီးကြပ်အားပေးမှုများ ဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မြဝတီ၌ မြေခင်းအလှဆောင်ရွက်

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရင့်နောင်ဈေးရှေ့၌ မြေခင်းအလှဆောင်ရွက်ထားရှိမှုအခြေအနေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း မတ် ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့က ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

အမ်းမြို့နယ် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်မှုနှင့် မြေပုံမြို့နယ် ကျောင်းဆောင်သစ် ဆောက်လုပ်မှု

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ၁၀ရက်က အမ်းမြို့ အမှတ်(၅) ဈေးတောင်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ အမ်း-စစ်တွေကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကာ အမ်းမြို့နယ်ကဖူးကိုင်းကျေးရွာမှ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်မည့် အခြေအနေကို ဒလက်ချောင်းအတိုင်း ရေယာဉ်ဖြင့် ကြည့်ရှုပြီး မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာ၌ ကားလမ်းဖောက်လုပ်နေမှု၊ ကျောင်းဆောင်အသစ်တည်ဆောက်မည့် အခြေအနေနှင့် တစ်နှစ်ပတ်လုံး သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသော ရှစ်ကေအကျယ်ရေသိုလှောင်ကန် ပြုပြင်တူးဖော်ဆောင်ရွက်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ သဘာဝ ဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးစာစောင်များကိုကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများထံသို့ ပေးအပ်သည်။

ဆွေးနွေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် အမ်းမြို့နယ် ကဖူးကိုင်းကျေးရွာမှ ရန်ကုန်-စစ်တွေကားလမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ မင်းပြားမြို့ပေါ်မှ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းတော်မြို့နယ် ရန်ကင်းကျေးရွာ မီးလောင်ကျွမ်းခံရသောမိသားစုများအား ဆန်၊ ဆီနှင့် ဆားများ ထောက်ပံ့လှူဒါန်း

အင်းတော် ဧပြီ ၂၁

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မန်လည်ကျေးရွာအုပ်စု ရန်ကင်းကျေးရွာနေ ဒေါ်တင်လှိုင်(၅၁)နှစ် (ဘ)ဦးလှဖေ၏နေအိမ်မှ စတင်၍ မတ်၂၆ရက် ည၉နာရီက မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ၄လုံး မီးလောင်သွားခဲ့ပြီး အိမ်ထောင်စု၁၄စုမှ ကျား ၄၆ဦး၊ မ ၄၀ စုစုပေါင်း ၈၆ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကာ တန်ဖိုးငွေကျပ် သိန်း၁၈၀ကျော် ဆုံးရှုံးပျက်စီးသွားကြောင်း သိရသည်။

အိုးမဲ့အိမ်မဲ့ဖြစ်ကြရသော အိမ်ထောင်စု ၁၄စုမှ မိသားစုဝင်များအား မတ် ၂၈ရက်က အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် (ဝင်ဒါမီယာ)နေ ဦးတင်မောင်အေး-ဒေါ်ဖြူပြာမြင့်မိသားစုက ရန်ကင်းကျေးရွာသို့သွားရောက်ပြီး ဆန်၊ ဆီ၊ ဆား၊ ဒန်အိုး၊ ပန်းကန်ပြားနှင့်စောင်များကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၃၀)

ရေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လိုက်ပါလျက် ဧပြီ ၆ရက် ညနေ၄နာရီခွဲက ရေးမြို့နယ်သို့ ရောက်ရှိရာ ရေး-အစင် ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ အစင်ကျေးရွာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အစင်-ရေး ကတ္တရာခင်းရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး

နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီ လလယ်မှ ဧပြီလကုန်အထိ လည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာ အဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့် အထက်ရှိသောမျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ (၃၊ ၄) နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မှုံ့စာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်း ပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ဖန်းမောက်မြို့၌ ကျောက်ချောလမ်းခင်းလုပ်ငန်းဆောင်ရွက်

ဖန်းမောက် ဧပြီ ၂၁

စစ်ကိုင်းတိုင်း ကသာခရိုင် ဖန်းမောက်မြို့၌ ဖေဖော်ဝါရီ၂၈ရက် နံနက်၁၀နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့် ဆောင်ရွက်လျက်ရှိသော ဈေးအရှေ့ဘက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးတင်မောင်လွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နန်းက လုပ်ငန်းနှင့်ပတ်သက်သည်များ ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မင်းလှ၌ မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့်သရုပ်ပြလေ့ကျင့်

မင်းလှ ဧပြီ ၂၁

ပဲခူးတိုင်း မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် စိန်ကန့်လန့်ကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၆၆) သစ်စက်တွင် မတ် ၁ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဒုတိယရဲမှူးသန်းဦး၊ စက်ရုံမှူး ဦးမြတ်စိုးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးပြီး စက်ရုံဝန်ထမ်းများနှင့် အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ကျောင်းဆောင်သစ်များဖွင့်ပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အားပေး ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးသည် နံနက်စနာရီခွဲတွင် ထန်းတပင်မြို့နယ် သောင်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိ၍ တစ်ထပ်စာသင်ဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသုံးပရိဘောဂပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကတွယ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ရောက်ရှိ၍ တစ်ထပ်စာသင်ဆောင်သစ်ကို တိုင်းမှူးနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံပေးအပ်၍ နေရဲဆောက်လုပ်ရေးကုမ္ပဏီက ကျောင်းသုံးစာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများထံ ပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရာတော်မြို့နယ် ရေလှောင်တွင်းမှ ရေထွက်ရှိမှု တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မတ် ၁၉ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ရေလှောင်တွင်းအမှတ် (၂၇)သို့ ရောက်ရှိရာ တာဝန်ရှိသူများက ရေလှောင်တွင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် ရေလှောင်တွင်းမှ ရေထွက်ရှိမှုအခြေအနေ၊ ရပ်ကွက်နေပြည်သူများအား ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ**(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရေလှောင်တွင်း

အဆိုပါ ရေလှောင်တွင်းအမှတ်(၂၇)ကို ဖေဖော်ဝါရီ ၂၃ရက်မှ စတင်တူးဖော်ဆောင်ရွက်ခဲ့ပြီး မတ် ၁၇ရက်တွင် ပြီးစီး၍ ရေစတင်ပေးဝေနိုင်ခဲ့ပြီး တွင်းအမျိုးအစားမှာ ကျောက်စရစ်ရံတွင်းအမျိုးအစားဖြစ်သည်။ ရေထွက်နှုန်းမှာ တစ်နာရီလျှင် ဂါလန် ၉၃၀၀ ထွက်ရှိပြီး စုစုပေါင်း ကုန်ကျငွေမှာ ငွေကျပ် ၄၇သိန်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရှက်လှေအဖွဲ့ချုပ် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ရက်က ရန်ကုန်မြို့ရှိ အင်းလျားကန်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့်က နိုင်ငံတကာအဆင့်မီ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အဆောက်အအုံအဖြစ် ပြင်ဆင်တည်ဆောက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် ၂၀၀၉ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် **(အပေါ်ပုံ)**၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်သဇင်နွယ်၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်း၊ ရန်ကုန်ရွက်လှေအသင်းဥက္ကဋ္ဌ ဦးမင်းစိန်တို့က ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများကို ပေးအပ် ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေး မရမ်းကုန်းမြို့နယ်အတွင်း ဆောင်ရွက်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးနှင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းမြို့နယ်အတွင်း ရပ်ကွက်အလိုက်Crime Free Zone အဖြစ် ကာလသတ်မှတ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းနှင့်အဖွဲ့တို့က ဆောင်ရွက်လျက်ရှိရာ မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက်အား မေ ၁၆ ရက်မှ မေ ၃၀ ရက်အထိ Crime Free Zone အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ပညာပေးဟောပြော

သို့ဖြစ်၍ မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် အောင်မေတ္တာဆွမ်းလောင်းမဏ္ဍပ်ကြီး၌ မေ ၁၉ရက် ည ၈နာရီက မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာကိစ္စများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းက လည်းကောင်း**(အောက်ဝဲပုံ)**၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်နှင့် တားဆီးကာကွယ်ရေးကိစ္စများကို ဘုရင့်နောင်ရဲတပ်ဖွဲ့စခန်း စခန်းမှူးရဲအုပ်နိုင်ဝင်းကလည်းကောင်း၊ လူမှောင်ခို၊ လူကုန်ကူးမှုနှင့် လောင်းကစား ဥပဒေဆိုင်ရာများအကြောင်းကို ဒုတိယရဲအုပ်စိုးမြင့်နိုင်ကလည်းကောင်း မှုခင်းအသိပညာပေး ဟောပြောကြသည်။

တက်ရောက်

ဟောပြောပွဲသို့ ရပ်ကွက်ပြည်သူ ရပ်မိရပ်ဖအင်အား ၁၇၀ခန့် တက်ရောက်ကြသည်။

(၁၁၁)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

လားရှိုးမြို့နယ်စည်ပင် ကတ္တရာလမ်းသစ်များဖွင့်

လားရှိုး မေ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၉)ရပ်ကွက်ရှိ ပိတောက်လမ်း၊ ပေါက်ကျိုင်းလမ်း၊ အင်ကြင်းလမ်းနှင့် ခရေလမ်းများ ကတ္တရာလမ်းသစ်များဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၈နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဦးခိုင်ထွန်းဦးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝ၂၆)

နွားထိုးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးနှိုးဆော်

နွားထိုးကြီး မေ ၂၁

နွားထိုးကြီးမြို့ပေါ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နေပြည်သူများ လိုက်နာဆောင်ရွက်ရေး မီးသတိမူရေး စည်းကမ်းချက်ကိုးချက်ကို မတ် ၂၉ရက်က မြို့ပေါ် ရှစ်ရပ်ကွက်သို့ မီးသတ်ကားဖြင့် မီးငြိမ်းသတ်ပစ္စည်းများ ထားရှိရေး၊ လောင်စာဆီများ၊ မီးလောင်ပစ္စည်းများ သိုလှောင်ရောင်းဝယ်ခြင်းမပြုရေး၊ မီးကိုရှိသေစွာ ငြိမ်းသတ်ကြရန်၊ ကန့်သတ်ချိန်အတွင်း မီးသုံးစွဲခြင်းမပြုကြရန် ပညာပေးနှိုးဆော်ကြသည်။ (ဝ၉၂)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာဟုန်ကျယ်ရှိနှင့် တာဝန်ရှိသူများက ဖူးကျင့်ပြည်နယ် ရှားမင်းလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဧပြီ ၂၀ရက် နံနက် ၈နာရီတွင် ဖူးကျင့်ပြည်နယ် ရှားမင်းမြို့မှ ကူမင်းမြို့သို့ တရုတ်လေကြောင်းဖြင့် ပြန်လည်ထွက်ခွာရာ ဖူးကျင့်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးမစ္စတာ ဟုန်ကျယ်ရှိနှင့် တာဝန်ရှိသူများက ရှားမင်းလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

ခေတ္တရပ်နား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကူမင်းလေဆိပ်သို့ နံနက်၁၀နာရီတွင် ရောက်ရှိကြရာ မြန်မာအမျိုးသမီးငယ်က ပန်းစည်းဖြင့်ကြိုဆိုပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့်ဇနီး၊ သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Gu Zhaoxi နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကူမင်းမြို့တွင် ခေတ္တရပ်နားကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးသိန်းလွင်၊ ကူမင်းမြို့ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့်ဇနီး၊ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Gu Zhaoxi နှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ပါဝင်

အလားတူ ဖူးကျင့်ပြည်နယ် အစိုးရ ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဟွမ်ရှောက်ကျင်းနှင့် အတူ ပြည်နယ် ပါတီအမြဲတမ်းကော်မတီဝင် ရှားမင်းမြို့ ပါတီအတွင်းရေးမှူး မစ္စတာဟာလိဖုန်း၊ ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဟုန်ကျယ်ရှိ၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ မြို့တော်ဝန်လျှိုဆိုက်ကွေး၊ ဖူးကျင့်ပြည်နယ် အစိုးရရုံး ဒုတိယအထွေထွေ အတွင်းရေးမှူး လျှိုမြင်၊ ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် စုန်းခဲနင်၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းရှန်းကျယ်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်ကြသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ ဖူးကျင့် ပြည်နယ် အစိုးရ ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဟွမ်ရှောက်ကျင်းက ကြိုဆို နှုတ်ခွန်းဆက်စကား ပဏာမပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားပြီးနောက် မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နယ်နိမိတ်ချင်း ရှည်လျားစွာ ဆက်စပ်နေကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့် အညီ အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံနေထိုင်ကြကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ရေနံနှင့်သဘာဝ ပိုက်လိုင်းလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ သတ္တုလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေသကဲ့သို့ ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုရရှိလာမှာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ One China Policy ကို အမြဲတမ်း ထောက်ခံပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဖူးကျင့်ပြည်နယ် အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ရှောက်ကျင်းက မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာပြည်သူတို့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေမှုကို သိရှိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ဖူးကျင့်ပြည်နယ်အနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကို စိတ်ဝင်စားပါကြောင်း၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို တိုးမြှင့်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့အား ဖူးကျင့် ပြည်နယ်အစိုးရ ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဟွမ်ရှောက်ကျင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃ရက် (အဖိတ်နေ့)

၂၂-၄-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ စိုက်ပါပျိုးပါမြန်မာ့မြေလွှာ ဝင်ငွေလည်းရဝမ်းလည်းဝ
- ၈:၂၀ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၅၀ ၉။ **သူငယ်ချင်းမရှိတဲ့ဥပဒေ** မင်းဝေ၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၃၀ ၄။ သီချင်းကြီးပဒေသာ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ **အသိစိတ်ကလေး အရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
- ၅:၁၅ ၈။ ဂီတသံစဉ်အလှဆင်
- ၅:၂၀ ၉။ အကပြိုင်ပွဲ
- ၅:၃၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
- ၆:၅၀ ၁၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၁၅ ၁၆။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၇:၃၀ ၁၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၅)
- ၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း **အချစ်ကျမ်း** ကျော်ဟိန်း၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့အား ဖူးကျင့် ပြည်နယ်အစိုးရ ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ရှောက်ကျင်းက ဂုဏ်ပြုညစာဖြင့်တည်ခင်း ဧည့်ခံစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့ Lenovo Mobile Communication Technology Ltd. တွင် ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ဖူးကျင့်ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာစုန်းခဲနင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်အမျိုးသမီးငယ်က ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုမည့် ရှားမင်းမြို့ရှိ Yeohwa ဟိုတယ်သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၉ရက် နံနက်ဇနာရီတွင် ရှားမင်းမြို့ရှိ Yinlu Group Co., Ltd. ၏ စားသောက်ကုန်နှင့် အဖျော်ရည်စက်ရုံသို့ရောက်ရှိကြရာ စက်ရုံဥက္ကဋ္ဌ မစ္စတာချိန်ရှင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ မစ္စတာချိန်ရှင်းယွမ်တို့က ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက စက်ရုံတည်ဆောက်ထားမှု ပုံစံငယ်များဖြင့်လည်းကောင်း၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ အိမ်ရာတည်ဆောက်ရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနေမှုတို့ကိုလည်းကောင်း ရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း စားသောက်ကုန်နှင့် အဖျော်ရည်ပစ္စည်းများ ထုတ်လုပ်နေပုံအဆင့်ဆင့်တို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဥက္ကဋ္ဌ မစ္စတာချိန်ရှင်းရွှေနှင့် တာဝန်ရှိသူများနှင့်အတူ စက်ရုံဧည့်ခန်းမရှေ့၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှားမင်းမြို့ရှိ Lenovo Mobile Communication Technology Ltd. ၏ မိုဘိုင်းလ်တယ်လီဖုန်းစက်ရုံသို့ သွားရောက်ရာ ဒုတိယစက်ရုံမှူး မစ္စတာ ကျန်းဂေါ်ကြောင်းနှင့် စက်ရုံအထွေထွေမန်နေဂျာ မစ္စတာဝမ်ဝေ့ကျူးတို့က ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စက်ရုံက ထုတ်လုပ်ထားသည့် မိုဘိုင်းလ်တယ်လီဖုန်းများကို ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း မိုဘိုင်းလ်တယ်လီဖုန်း အဆင့်ဆင့် ထုတ်လုပ်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

အမှတ်တရဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ စက်ရုံ၏ ဧည့်ခန်းမရှေ့၌ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရှားမင်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ ကျန်းဆန်းကျို့က ရှားမင်းမြို့ မာကိုပိုလိုဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ ဖူးကျင့်ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ စုန်းခဲနင်၊ ရှားမင်းအစိုးရရုံး ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာလူဆန်းကျွင်းနှင့် ရှားမင်းမြို့ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူး မစ္စချန်အိုကျင်းတို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

နေ့လယ်စာ စားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်အား ရှားမင်းမြို့ ဒုတိယမြို့တော်ဝန်က ရှားမင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုနှင့် စက်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် အားပေးဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းနီးခင်မင်စွာ ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ထို့နောက် Zijin Mining Group Co., Ltd. ဒုတိယဥက္ကဋ္ဌ လန်ဖုရှင်းက ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများတွင် ကောင်းမွန်သော နည်းပညာများဖြင့်ဆောင်ရွက်နေမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် သန့်ရှင်းသပ်ရပ်စွာဆောင်ရွက်မှု၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဖြေရှင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က Zijin Mining Group Co., Ltd. အနေဖြင့် လုပ်ငန်းအတွေ့အကြုံရှိပြီးသော ကုမ္ပဏီဖြစ်၍ မြန်မာနိုင်ငံ၌ လာရောက်လုပ်ကိုင်ရာတွင် အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ တွေ့ကြုံရသော လုပ်ငန်းအခက်အခဲများကိုလည်း ဝိုင်းဝန်းပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ဆိပ်ဖြူမြို့နယ် လက်ဆည်ကျေးရွာအုပ်စု နွေစပါးစုပေါင်း ဓာတ်မြေဩဇာကြဲပက်ပွဲ

တိုင်းဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေ ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၁

မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေသည် ဧပြီ ၁၁ ရက်တွင် ဆိပ်ဖြူမြို့နယ် လက်ဆည်ကျေးရွာ အုပ်စု၌ နွေစပါးစုပေါင်း ဓာတ်မြေဩဇာကြဲပက်ပွဲသို့တက်ရောက်ကြည့်ရှုအားပေးပြီး ပေါက်မြို့နယ် ရှားပင်ရေ ကျေးရွာ၌ တောင်သူဦးကြည်ဝင်း၏ ပေါင်းစည်းလယ်ယာဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ထို့နောက် တိုင်းဥက္ကဋ္ဌသည် ပေါက်မြို့နယ် အုန်းတောကျေးရွာ၌ ကျင်းပသည့် စပါးခွဲဓာတ်ငွေ့သုံး မီးစက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တိုင်းလျှပ်စစ်အင်ဂျင်နီယာနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဥက္ကဋ္ဌက မီးစက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ မီးစက်မောင်းနှင အသုံးပြုမှု အခြေအနေကို စစ်ဆေးသည်။

မှာကြား

ဆက်လက်၍ တိုင်းဥက္ကဋ္ဌသည် အဆိုပါအုန်းတောကျေးရွာ၌ နွေစပါး စုပေါင်း မြေဩဇာကြဲပက်ပွဲသို့လည်းကောင်း၊ရေစကြိုမြို့နယ်ရွှေကုန်းကျေးရွာ အုပ်စု ဝက်ခုတ်ကျေးရွာအနီး ဝက်ခုတ် ဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီးမှုနှင့် နွေစပါးများစိုက်ပျိုးပြီးစီးမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ပေးသည်။

ကြည့်ရှု

ထို့နောက် တိုင်းဥက္ကဋ္ဌသည် မြိုင်မြို့နယ် ပန်းစွာ ကျေးရွာအုပ်စု၌ နွေစပါးစိုက်ပျိုးမှု၊ တောင်သူ ဦးသန်းလွင်၏ ပေါင်းစည်းလယ်ယာ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ရေစကြိုမြို့နယ် ပေကုန်း ကျေးရွာအနီး ပေကုန်းရေတံခါးကြံ့ခိုင်ကောင်းမွန်မှုနှင့် သုံးပန်လှကျေးရွာ ရေထိန်းတံခါး ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေတို့ကို လည်းကောင်းလိုက်လံကြည့်ရှုစစ်ဆေး သည်။

စိုက်ပျိုးရေပေးဝေ

ထိုမှတစ်ဆင့် တိုင်းဥက္ကဋ္ဌသည် ရေစကြိုမြို့နယ် သမန္တပို့ကျေးရွာအနီး သမန္တပို့လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ ရေတင်စက် ကြံ့ခိုင်ကောင်းမွန်မှုနှင့် နွေစပါး စိုက်ပျိုးရေပေးဝေနေမှုကို လည်းကောင်း၊ ချစ်သူကျေးရွာ အနီးရှိ ချစ်သူ လျှပ်စစ်မြစ်ရေတင် လုပ်ငန်း၌ ရေတင်စက်၊ရေပေးမြောင်းများ ကြံ့ခိုင်ကောင်းမွန်မှုနှင့် နွေစပါးစိုက်ပျိုးရေ ပေးဝေနေမှု အခြေအနေတို့ကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်း

ထို့နောက် တိုင်းဥက္ကဋ္ဌသည် ကန်ဒေါင့်ကျေးရွာ၌ နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ကန်ဒေါင့်အင်း ရေထုတ်မြောင်း တူးဖော်နေမှုကို လည်းကောင်း၊ ပခုက္ကူမြို့တွင် မြန်မာ့မီးရထား၏ ဇလီဖားတုံး စက်ရုံတည်ဆောက်နေမှု အခြေအနေကိုလည်း ကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်း ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့)က မုံရွာမြို့ အောင်မင်္ဂလာရပ် အရဏ်တော်ဘုံဆွမ်းလောင်းအသင်း၏ ဒုတိယ အကြိမ် သက်ကြီးပူဇော်ပွဲတွင် အဘိုးအဘွားများအား ဂါရဝပြုပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ပွင့်လင်းရွှင်ပျသော အပြုံးပိုင်ရှင်များ သာယာချမ်းမြေ့သော အိမ်ထောင်ရေးဘဝ ထူထောင်နိုင်ဟုဆို

ကျောင်းသားအရွယ်လူငယ်ဘဝ မှပင် နှစ်လိုဖွယ်ရှိပြီး ပွင့်လင်းသော အပြုံးကို ဆောင်ထားတတ်သူများ သည် အရွယ်ရောက်၍ အိမ်ထောင် ပြုသည့်အခါ သာယာချမ်းမြေ့သော အိမ်ထောင်ရေးဘဝကို ထူထောင်နိုင် ကြသူများဖြစ်ကြောင်း အမေရိကန် နိုင်ငံ အင်ဒီယားနား တက္ကသိုလ်မှ သုတေသနပညာရှင်များကထုတ်ဖော် ပြောကြားသည်။

ဆုံးဖြတ်နိုင်

ရွှင်ပျသောအပြုံးပိုင်ရှင်အမျိုးသား၊ အမျိုးသမီးများသည် စိတ်ပိုင်းဆိုင်ရာ မြင့်မားမှုကြောင့် ဘဝ၏အရေးကြီးသောကိစ္စရပ်များကို အောင်မြင်စွာ ဖြေရှင်းဆုံးဖြတ်နိုင်ကြသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ရာခိုင်နှုန်း

ရွှင်ပျသောအပြုံးပိုင်ရှင်များ၏ အိမ်ထောင်ရေးကိစ္စများကို သုတေသန ပြုခဲ့ရာတွင် ကွာရှင်းပြတ်စဲမှုအလွန်နည်းပါးကြောင်း၊ အိမ်ထောင်သည်စုံတွဲ ၂၀၀၀ကို ငါးနှစ်ကြာ သုတေသနပြုခဲ့ရာ အိမ်ထောင်ကွာရှင်းပြတ်စဲမှု တစ်ရာခိုင်နှုန်းသာရှိကြောင်းလည်း ဆက်လက်ဖော်ပြသည်။

စိတ်ပိုင်း

ထို့ကြောင့် စိတ်ပျော်ရွှင်စွာထားတတ်သူများသည် စိတ်ပိုင်းဆိုင်ရာ ရောဂါများ မဖြစ်ပွားနိုင်သည့်အပြင် သာယာချမ်းမြေ့သော အိမ်ထောင်ရေး ဘဝကိုထူထောင်နိုင်သူများဖြစ်ကြကြောင်း ၎င်းတို့က ပြောကြားသည်။ ။

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

နေပြည်တော် မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

(၂၂-၄-၂၀၀၉)

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၁၅ တရားတော် (မေတ္တသုတ်+ ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၉:၀၀ အစီအစဉ်ပြီး၏။
- ၁၀:၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၅) တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် နိုင်ငံတကာအနုပညာ (၄၅) နေ့လယ်ခင်းတေးပဒေသာ
- ၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (အဖေ)
- ၁၂:၄၅ တေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး (အသံထွက်နှင့် သွက်လက်စွာပြောဆိုနိုင်မှု)
- ၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇:၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ဆိတ်သားလုံးကြော်နဲ့ ပဲကြာဆံ-သရက်သီးသနပ်)
- ၁၇:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ တေးပဒေသာ
- ၁၇:၄၀ သိမှတ်စရာမြန်မာစကား မြန်မာစာ (ပုဂံခေတ်ကျောက်စာများမှ နှလုံးသား ပဲ့တင်သံများ)
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၀၅ ညနေခင်းတေးပဒေသာ
- ၁၈:၂၀ ကျေးလက်ဇာတ်လမ်း (ခွါတယ်လို့ဆိုချင်ဆို)
- ၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကြည်တော်)
- ၁၉:၄၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ စီးပွားရေးဦးတည်ချက်
- ၂၀:၅၀ ကျန်းမာရေးရာသိကောင်းစရာ (နွေရာသီအခါ ကျန်းမာရေး ဂရုပြုစရာ)
- ၂၁:၀၀ ခံစားနားဆင်တေးဂန္ထဝင် လူမှုရေးဦးတည်ချက်
- ၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

အကြော်ခံဆီနှင့် ပြန်ကြော်ဆီ

ဒေါက်တာ ခင်မောင်လွင်

အများသုံးနေကြတဲ့ အကြော်ခံဆီဆိုတာ ခဏခဏ ပြန်ကြော်ရာမှာ သုံးနေတဲ့အတွက် ရလဒ်ကတော့ရောဂါရတာချင်းအတူတူပါပဲ။ ဆီကြိုက်တဲ့ မြန်မာတွေ အကြော်ခံဆီကြောင့်ဖြစ်လာနိုင်တဲ့အန္တရာယ်တွေ အသိနည်းကြတာ ကြောင့် တစ်ကြောင်း၊ စီးပွားရေးတွက်ခြေကိုက်အောင် ထပ်ပြီးထပ်ပြန်ကြော်ရုံ သာမက ကျန်တဲ့ဆီတွေကိုလည်း စားသုံးနေကြတာကတစ်ကြောင်း ကျန်းမာရေး ထိခိုက်ကြတာ တွေ့လာရပါတယ်။

အကြော်ခံဆီကြောင့်ဖြစ်လာရတဲ့ ကျန်းမာရေးပြဿနာကတော့ မြန်မာ နိုင်ငံသာမက တစ်ကမ္ဘာလုံးနဲ့ဆိုင်နေပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေ၊ အနောက် နိုင်ငံတွေမှာတော့ သိပ္ပံနည်းပညာကိုအသုံးပြုပြီး ဟင်းသီးဟင်းရွက် သီးနှံက ရတဲ့ဆီကို အကြော်ခံဆီပြုလုပ်စားသုံးလေ့ရှိကြပါတယ်။ ကိတ်မုန့်၊ ဘီစကွတ် ကအစ ပေါင်မုန့်အဆုံး အကြော်ခံဆီတွေကို သုံးကြတယ်။ ဆီကိုပျစ်ခဲအောင် လုပ်ထားတဲ့အတွက် ထားသို အသုံးပြုရလွယ်တယ်။ ခရစ်စကို (Crisco) အစရှိတဲ့ ဆီခဲတွေကို တွင်တွင်ကျယ်ကျယ်သုံးကြရာက အဲဒီဆီတွေထဲမှာ ပါလာတဲ့ Transfat ဆိုတဲ့ ဆီဆိုးတစ်မျိုးရဲ့ဒဏ်ကို ခံလာကြရတယ်။ ရောဂါ တွေဖြစ်ကြ၊ သေကြတယ်။

သာမန်အားဖြင့် ကျွန်တော်တို့နားလည်ထားတာက တိရစ္ဆာန်တွေကရတဲ့ ဆီ(Animal Fat)တွေဟာ အဝလွန်အဆီပိတ်စေတယ်။ သွေးတိုး၊ နှလုံး စတဲ့ ရောဂါအမျိုးမျိုး ကြုံတွေ့ရနိုင်တယ်ဆိုတာပါပဲ။ ဒါကြောင့် အမဲဆီ၊ ဝက်ဆီ စတာတွေကို တတ်နိုင်သမျှမသုံးကြတော့ပါဘူး။ ဟင်းသီးဟင်းရွက် သီးနှံတွေ ကရတဲ့ ဆီတွေကတော့ ကျန်းမာရေးထိခိုက်မှုနည်းတယ်လို့ ယုံကြည်ပြီး တွင်တွင်ကျယ်ကျယ် သုံးခဲ့ကြပါတယ်။ အဲဒီထဲမှာ အတွင်ကျယ်ဆုံးနဲ့ ဈေး အပေါဆုံးကတော့ စားအုန်းဆီပါပဲ။ တိရစ္ဆာန်တွေကရတဲ့ဆီတွေဟာ ပြည့်ဝဆီ (Saturated)တွေ ဖြစ်တယ်။ ကြာကြာစားသုံးရင် အန္တရာယ်ဖြစ်တယ်။ ဟင်းသီး ဟင်းရွက်သီးနှံကရတဲ့ဆီတွေက မပြည့်ဝတဲ့ဆီ (Unsaturated Fat)တွေ ဖြစ်တယ်။ ကျန်းမာရေးထိခိုက်မှု အန္တရာယ်နည်းတယ်လို့သိခဲ့ရတယ်။

ဒါပေမယ့် **သုတေသနတွေ တိုးတက်လာသည်နှင့်အမျှ တိရစ္ဆာန်ထွက်ဆီ တစ်မျိုးဖြစ်တဲ့ ငါးကြီးဆီနဲ့ အခြားငါးတွေကရတဲ့ အဆီတွေဟာ ကျန်းမာ ရေးကိုအထောက်အကူပြုတဲ့ ''ဆီကောင်း''တွေဖြစ်တယ်ဆိုတာ တွေ့လာရ တယ်။ ငါးဆီထဲမှာ အိုမီဂါ ၃၊ အိုမီဂါ ၆၊ အိုမီဂါ ၉ ဖက်တီးအက်စစ်ဆိုတဲ့ အဆီသုံးမျိုးဟာ အဝလွန်ရောဂါ၊ သွေးတိုး၊ နှလုံးရောဂါသည်တွေကို ကုသ ရာမှာတောင် သုံးလို့ကောင်းတာတွေ့ကြရတယ်။** သွေးထဲမှာ စေးပျစ်ပိတ်ဆို့ နိုင်တဲ့ ''ဆီဆိုးတွေကို လျှော့ချပစ်နိုင်တယ်'' တစ်ချိန်တုန်းကတော့ သွေးထဲမှာ ကိုလက်စထရော ဘယ်လောက်ပါသလဲစစ်ကြတယ်။ များရင် အဆီပိတ် မယ်၊ သွေးတိုးမယ်၊ နှလုံးရောဂါရမယ်လို့ ခန့်မှန်းကြတယ်။ အခုနောက်ပိုင်းမှာ Cholesterol ထက်ပိုပြီး တိကျတဲ့ဓာတ်တွေကို စစ်ဆေးနိုင်လာကြတယ်။ LDL(Low Demity Lipoprotein) နဲ့ HDL(High Demity Lipoprotein) ဆိုတဲ့ အဆီဓာတ်နှစ်မျိုးကို ဖော်ထုတ်လာကြတယ်။ LDL ဆိုတာ ''ဆီဆိုး''ပဲ။ သွေးလွှတ်ကြောတွေထဲမှာ အနည်ထိုင်နိုင်တယ်။ နှလုံး သွေးကြောတွေကို ပိတ်ဆို့နိုင်တယ်။ သွေးတိုး၊ နှလုံးရောဂါတွေရဲ့ အဓိက လက်သည်ပဲ။ HDL ဆိုတာ ''ဆီကောင်း''ပါ။ သွေးထဲက ဆီဆိုးတွေကို လျှော့ချပစ်နိုင်တယ်။

ခန္ဓာကိုယ်ထဲမှာ ဖွဲ့တည်နေတဲ့ အဆီဖွဲ့စည်းမှုပြောင်းလဲမှုသဘာဝတွေကို အရိပ်အမြွက်မျှဖော်ပြရတာကလဲ အကြော်ခံဆီနဲ့ ပြန်ကြော်ဆီတွေရဲ့အန္တရာယ် ကို ရှင်းရှင်းလင်းလင်းသိစေလိုလို့ပါပဲ။ ဝက်ဆီလိုမျိုး အသားကရတဲ့ အဆီ ကို စားရင် သွေးထဲမှာ အဆီပိတ်တာမှန်ပါတယ်။ ဒါပေမယ့် ဆီကောင်းဖြစ်တဲ့ HDL ကို မလျော့စေပါဘူး။ ပြန်ကြော်ဆီတွေ၊ အကြော်ခံဆီတွေစားတဲ့ သူမှာတော့ သွေးထဲမှာ LDL ဆီဆိုးတွေတိုးရုံသာမက HDL ဆီကောင်းတွေ ကိုပါ လျှော့ချပစ်လိုက်တဲ့အတွက် အန္တရာယ်နှစ်ဆဖြစ်စေပါတော့တယ်။

အန္တရာယ်နှစ်ဆတိုးသွားတော့ ဘယ်လို ထိခိုက်သွားမလဲ။ နှလုံးရောဂါ၊ သွေးတိုးရောဂါတွေ ပိုဆိုးသွားတာပါပဲ။ သွေးကြောတွေကျဉ်းသွားတာ၊ ပိတ်ဆို့ စေတာတွေကြောင့် နှလုံးတိုက်ခိုက်ခံရမှု(Heart Attack)တွေ ခံစားရတာများ ပါတယ်။ ဒါ့အပြင် အခြားသော အဝလွန်ခြင်း၏ဆိုးကျိုးဖြစ်တဲ့ ဆီးချိုရောဂါ၊ အသည်းအဆီဖုံးရောဂါတွေဖြစ်စေပါတယ်။ အယ်ဇိုင်းမားဆိုတဲ့ သူငယ်ပြန် ရောဂါတစ်မျိုးကိုလဲ ဖြစ်စေပါတယ်။ ယောက်ျားတွေမှာ ဆီးကျိတ်ကင်ဆာ၊ မိန်းမတွေမှာ သားမြတ်ကင်ဆာတွေပိုအဖြစ်များတယ်လို့ ပြင်သစ်နိုင်ငံ သုတေသန မှာ တွေ့ရှိရပါတယ်။ အမျိုးသမီးတွေမှာ သားဥအိမ်ကို ထိခိုက်ပြီး မြုံသွားတာ မျိုးလဲ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

ဘူးသီးကြော်၊ ပဲကြော်၊ ငါးကြော်၊ အသား ကြော်တွေ ပါလာပြီဆိုရင်တော့ ခန္ဓာကိုယ်ထဲ အဆီဝင်တာ များသွားပါပြီ၊ ဆီဆိုးတွေလဲ တိုးဝင် သွားပါပြီ။ ခေတ်မီသူတွေကတော့ ဒင်ဆမ်း (Dim Sum) ဆိုတဲ့ အသီးအရွက်ပေါင်း၊ အသားပေါင်းတွေကို ရွေးချယ် စားလာကြပါပြီ။ အကြော်တွေကို ရှောင်ကုန်ကြပါပြီ။

ဟင်းသီးဟင်းရွက်ကရတဲ့ဆီတွေကို မာဂျရင်းလိုထောပတ်ခဲဖြစ်အောင် လုပ်တဲ့လုပ်ငန်းစဉ်မှာ ဆီဓာတ်ဟာ Transfat အဖြစ်နဲ့ ပြောင်းလဲသွားပါ တယ်။ မူလက ဟင်းသီးဟင်းရွက်ဆီတွေဟာ ကျန်းမာရေးအန္တရာယ်နည်းပေ မယ့် အကြော်ခံဆီဖြစ်သွားတဲ့အခါမှာ အန္တရာယ်များလာပါတယ်။ မပြည့်ဝ ဆီကနေ အကြော်ခံဆီနဲ့ ပြန်ကြော်ဆီအဖြစ်ပြောင်းသွားတာကြောင့် အသားက ရတဲ့ ပြည့်ဝဆီထက် ပိုဆိုးသွားတဲ့သဘောပါပဲ။ အရပ်ထဲမှာ အကြော်ခံဆီ အနေနဲ့ သုံးတာများတဲ့ စားအုန်းဆီပျစ်ပျစ်တွေဟာလဲ ကြော်လိုက်တဲ့အခါမှာ Transfat တွေဖြစ်သွားတာပါပဲ။

စားအုန်းဆီမှာ ပြည့်ဝတဲ့ဆီနဲ့ မပြည့်ဝတဲ့ဆီ တစ်ဝက်စီလောက်ပါနေ ပါတယ်။ ဆီကိုသန့်ထုတ်ပြီး မပြည့်ဝဆီတွေ ခွဲယူနိုင်ရင်တော့ မဆိုးပါဘူး။ ဒါပေမယ့် ဆီပုလင်းထဲမှာ အနည်အနှစ်တွေ တွေ့နေမယ်။ လွယ်လွယ်ကူကူ ခဲနေမယ်ဆိုရင်တော့ ပြည့်ဝဆီတွေများနေတဲ့ သဘောပါပဲ။ အုန်းဆီလိုပါပဲ။ အုန်းဆီကို ဘယ်သူမှ ကြော်တဲ့အခါမှာမသုံးပါဘူး။ အကြော်ခံဆီလည်း မလုပ် ကြပါဘူး။ ပဲဆီထဲ စားအုန်းဆီပျစ်ပျစ်တွေရောထည့်ထားတဲ့ အကြော်ခံ ဆီမျိုး ကျတော့ ဈေးသက်သာသွားပေမယ့် ကျန်းမာရေးအရ မသက်သာတော့ဘူး ဆိုတာ သတိပြုမိကြဖို့ လိုအပ်ပါတယ်။

အကြော်ခံဆီရဲ့ သဘောကတော့ ဆီရဲ့အငွေ့ပြန်မှတ် မြင့်တဲ့အတွက် တော်ရုံနဲ့ဆီမခန်းတာကြောင့် ကြာကြာကြော်လို့ရတဲ့သဘောပါပဲ။ ပိုဆိုးတာက တစ်ခါကြော်ရုံနဲ့ ဆီကကုန်သွားတာမဟုတ်တော့ ထပ်ပြီး ထပ်ပြန်ကြော်နေသမျှ ရောဂါတိုးဖို့သာပဲရှိပါတယ်။ ဟိုတယ်တွေမှာတော့ ကြော်ပြီးသားဆီတွေကို ပြန်သုံးခွင့်မရှိပါဘူး။ ပြန်ရောင်းခွင့်လည်း မရှိပါဘူး။ စားသုံးမှုမပြုဘဲ သွန်ပစ် ရမှာ၊ ဖျက်ဆီးပစ်ရမှာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာတော့ ဇီဝလောင်စာ (Biofuel)အဖြစ် ပြန်လည်အသုံးချဖို့ ကြိုးစားနေတာတွေ့ရပါတယ်။ **အဓိက ကျတာက ပြန်ကြော်ဆီဆိုရင် ဘယ်ဆီမှ ကျန်းမာရေးအတွက် မကောင်းဘူး ဆိုတဲ့အချက်ပါပဲ။** အကြော်ကြိုက်တဲ့ မြန်မာပရိသတ်အတွက် သတိထားစရာ အချက်ပါပဲ။

ဆီဆိုတာ မရှိမဖြစ်အာဟာရတစ်မျိုးလို့ မပြောနိုင်ပါဘူး။ တိုင်းရင်းသား တွေရဲ့ ဟင်းလျာထဲမှာဆီမပါဘဲ ကျန်းမာနေကြတာအထင်အရှားပါပဲ။ ကျန်းမာ ရုံမက ကြံ့ခိုင်ကြပါတယ်။ မာရသွန် အဝေးပြေးသမားတွေဆိုရင် တောင်ပေါ် သားတွေများပါတယ်။ မြေပြန့်သားတွေကတော့ ဆီကြိုက်ကြတယ်။ ပဲပြုတ်နဲ့ ထမင်းဆီဆမ်းကို နံနက်စာ စားရတာကြိုက်တယ်။ ထမင်းပူပူကို နှမ်းဆီလေး ဆမ်းပြီး နယ်စားရတာ အရသာရှိလှတယ်။ ရှေးမြန်မာကြီးတွေ ကျန်းမာ ကြတယ်ဆိုတာ သူတို့စားတဲ့ အစာပေါ်မှာတည်တာပါပဲ။ နှမ်းဆီဖြစ်ဖြစ်၊ ပဲဆီဖြစ်ဖြစ် ဆုံဆီသန့်သန့်လေးဆိုရင် ဘာချွတ်ဆေးမှလဲမပါဘူး။ ဘယ်လို အကြော်ခံဆီမှလဲရောမထားဘူး။ ပဲပြုတ်နဲ့ ဆီဆမ်းပြီးစားလိုက်ရင် အင်အား ဓာတ်ရယ်၊ အသားဓာတ်ရယ် ပါသွားပြီပဲ။ လိုနေတာက အစိမ်းရောင် ဟင်းသီး ဟင်းရွက် တစ်မျိုးမျိုး၊ ဒါမှမဟုတ် သစ်သီးတစ်မျိုးမျိုးတွဲဖက်ပြီး စားလိုက်ရင် မျှတတဲ့အာဟာရ ဖြစ်သွားပါပြီ။

ဘူးသီးကြော်၊ ပဲကြော်၊ ငါးကြော်၊ အသားကြော်တွေပါလာပြီဆိုရင်တော့ ခန္ဓာကိုယ်ထဲ အဆီဝင်တာများသွားပါပြီ၊ ဆီဆိုးတွေလဲတိုးဝင်သွားပါပြီ။ ခေတ်မီသူတွေကတော့ ဒင်ဆမ်း (Dim Sum) ဆိုတဲ့ အသီးအရွက်ပေါင်း၊ အသားပေါင်းတွေကို ရွေးချယ်စားလာကြပါပြီ။ အကြော်တွေကို ရှောင်ကုန် ကြပါပြီ။ ပေါင်းထားတဲ့အသားတွေ၊ ဟင်းသီးဟင်းရွက်တွေမှာ ဆီဆိုးတွေ လုံးဝမပါတော့ဘူး။ သဘာဝ အာဟာရဓာတ်လဲ အပျက်အစီးနည်းပါတယ်။ ဂေါ်ဖီရွက်၊ ဆလတ်ရွက်၊ သခွားသီး၊ ပဲသီးတွေကို စင်အောင်ဆေးပြီး လတ်လတ်ဆတ်ဆတ် တဂျွမ်းဂျွမ်းမြည်အောင် ကိုက်စားရတာဟာ ကျန်းမာရေး ထိခိုက်နိုင်မယ့် အန္တရာယ်နည်းသွားတာတော့ သေချာပါတယ်။

ကျွန်တော်တို့က ဆီလျှော့စားပါလို့ အသိပညာပေးတဲ့အခါမှာ တချို့ မကြိုက်ကြပါဘူး။ ဆီပါမှ အရသာရှိမယ်လို့ထင်ခဲ့တာရယ် မိသားစုထဲမှာ သင်ခဲ့တာရယ်ဟာ အစွဲဖြစ်နေတာများပါတယ်။ ၁၉၉၂ခုက ထုတ်ပြန်ခဲ့တဲ့ သုတေသနစာတမ်းတစ်ခုမှာ မြန်မာတို့ရဲ့ပျမ်းမျှနေ့စဉ် ဆီစားသုံးမှုဟာ ဝဒသမ၅၄ကျပ်သားဖြစ်ပါတယ်။ ပုံမှန်အာဟာရလိုအပ်ချက်နဲ့ယှဉ်လျှင် မျှတ ပါတယ်။ ၁၉၉၅ခုနှစ် သုတေသနစာတမ်းတစ်ခုမှာတော့ လူတစ်ယောက် တစ်နေ့ ဆီစားနှုန်း ၁ဒသမ၇၂ကျပ်သားဖြစ်သွားပါတယ်။ သုံးဆတိုးပြီး စားလာကြတဲ့သဘောပါပဲ။ တတ်နိုင်တာနဲ့ဆီကိုများများစားသုံးမယ့်အစား သဘာဝအာဟာရကို မျှတစွာစားသုံးပြီး ကျန်းမာကြစေချင်ပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနဲ့ ဥရောပ နိုင်ငံများမှာတော့ အကြော်ခံဆီတွေကို မီးဖိုထဲက ဖယ်ထုတ်ပစ်နေကြပါတယ်။ " Clear your Kitchen of Transfat" လို့ ဆောင်ပုဒ်ထုတ်ပညာပေးနေကြ ပါတယ်။ စားသောက်ကုန်ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေကလဲ မိမိတို့ထုတ်ကုန် မှာ အကြော်ခံဆီတွေမပါအောင် ကြိုးစားနေကြပါတယ်။ စားသောက်ဆိုင်တွေ မှာလဲ အကြော်ခံဆီ အသုံးပြုနှုန်းကို ထိန်းချုပ်ဖို့ ကြိုးစားနေကြပါတယ်။ အားလုံးရဲ့ ကျန်းမာရေးအတွက်ပဲ ဖြစ်ပါတယ်။

ဆီလျှော့စားပါ။

မလျှော့နိုင်ရင် အကြော်လျှော့စားပါ။

အကြော်ကြိုက်ရင် ပြန်ကြော်ဆီ မသင့်ပါ။

ပြန်ကြော်ဆီ(Trans Fat)တွေဟာ ကျန်းမာရေးနဲ့မညီဘူးဆိုတဲ့အချက်ကို အိမ်ရှင်မတွေ၊ စားသောက်ဆိုင်ရှင်တွေ၊ လက်လီ လက်ကားဈေးသည်တွေသိစေ ချင်ပါတယ်။ ။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အသက်(၁၈)နှစ်အောက် အမျိုးသား၊အမျိုးသမီးရေကူးပြိုင်ပွဲယှဉ်ပြိုင်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီးရေကူးပြိုင်ပွဲကို မေ ၂၃ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၊ ၁၀၀၊ ၂၀၀ ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၊ ၁၀၀၊ ၂၀၀၊ ၄၀၀ အလွတ်ကူးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူး ပြိုင်ပွဲ စုစုပေါင်း ၂၈ ပွဲပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများသည် အထက်ဖော် ပြပါပြိုင်ပွဲ၊ ပွဲစဉ်အားလုံး ယှဉ်ပြိုင်ခွင့်ရှိသည်။

တင်ပြ

ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ၃၁-၁၂-၁၉၉၁ ရက်နေ့ နောက်ပိုင်း မွေးဖွားသူများဖြစ်၍ အသက်စိစစ်နိုင်ရန် မွေးစာရင်း၊ မှတ်ပုံတင်၊ သန်းခေါင် စာရင်း မူရင်းတင်ပြရမည်ဖြစ်ပြီး ကျောင်းထောက်ခံစာတင်ပြပါက Letter Head နှင့် ဓာတ်ပုံ ပါရှိသော ကျောင်းအုပ်ကြီးလက်မှတ်မူရင်းနှင့်အတူ တင်ပြရမည်ဖြစ်သည်။

ထည့်သွင်း

ပြိုင်ပွဲဝင်လိုသူများသည် မေ ၁၈ရက် ညနေ ၅နာရီနောက်ဆုံးထား၍ ဦးဝိစာရ လမ်း အမျိုးသားရေကူးကန်တွင် အဖွဲ့ချုပ်လေ့ကျင့်ချိန် နံနက် ၆နာရီမှ ၈နာရီခွဲ၊ ညနေ ၃နာရီခွဲမှ ၅နာရီခွဲအတွင်း (သောကြာနေ့မှအပ) အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်သည့် ဦးသန်းကြိုင်နှင့် ဦးရဲအောင်တို့ထံ စာရင်း ပေးသွင်းနိုင်ပြီး ကျိုက္ကဆံကွင်း အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်တွင်လည်း လာရောက် စာရင်းပေးသွင်းနိုင်ကြသည်။

ဆက်သွယ်

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း-၀၉-၅၁-၃၄၃၁၀နှင့် ၄၀၀၂၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(ရေကူးအဖွဲ့ချုပ်)**

ကြံခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ် ရေးအတွက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခန့်ထက်နှင့် ဝန်ထမ်းများ ဈေးအတွင်းအပြင် လျှပ်စစ်မီး အသုံးပြုမှုများကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ် အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့ တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ဒေသများ တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ဒီဂရီစင်တီ ဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၂ဒသမ ဝ၈လက်မ၊ ကော့ကရိတ်မြို့တွင် ၁ဒသမ၆၉လက်မနှင့် ထားဝယ်မြို့တွင် ၁ဒသမဝ၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၂၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ မအူပင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

မအူပင်မြို့၌ ကျောက်ချောလမ်းနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်

နေပြည်တော် ဧပြီ ၂၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တို့သည် ဧပြီ ၂၀ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မအူပင်မြို့ ခိုင်စန္ဒာလမ်း၊ ခိုင်သော်တာလမ်းနှင့် ခိုင်မေတ္တာလမ်း ကျောက်ချောလမ်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျောက်ချောလမ်းများတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် မအူပင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

တက်ရောက်ခဲ့

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် မအူပင်မြို့နယ် စစ်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် ကွမ်ရှီကျွမ့်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တွဲဖက်အတွင်းရေးမှူး-၄ ဒေါက်တာမျိုးသက်၊ တွဲဖက်အတွင်းရေးမှူး-၅ ဒေါက်တာပွင့်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသန့်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝေ့ရန် ခေါင်းဆောင်သည့် အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၈ရက်က အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံသည်။ **(အောက်ပုံ)**

ဆွေးနွေး

အဆိုပါ တွေ့ဆုံပွဲတွင် ကွမ်ရှီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်မည့်ကိစ္စ၊ ၂၀၀၉ခုနှစ် အောက်တိုဘာလအတွင်း နန်နင်းမြို့၌ ကျင်းပမည့် (၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ လာရောက် ပါဝင်ပြသရေးကိစ္စ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့် နန်နင်းမြို့၌ မြန်မာနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး ဆောက်လုပ်နေမှုအခြေအနေကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခင် မိတ္ထီလာဒေသကောလိပ်

ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၁

ယခင် မိတ္ထီလာဒေသကောလိပ်တွင် ၁၉၇၇ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယခုနှစ် မေ ၂ရက်(စနေနေ့)တွင် မိတ္ထီလာမြို့ မြို့တွင်းဆုတောင်းပြည့် သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။ ယခင် မိတ္ထီလာကောလိပ်တွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၅၅)နှစ် ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများနှင့် ပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဒေါက်တာရဲအောင် ဖုန်း-၀၆၄-၂၅၆၅၃၊ ဦးခင်မောင်ဆွေ ဖုန်း-၀၆၄-၂၃၃၈၅တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာရဲအောင် (မိတ္ထီလာ) ဖုန်း-၀၆၄-၂၅၆၅၃၊ ဒေါက်တာနေမျိုး (မန္တလေး) ဖုန်း-၀၂-၃၉၅၀၄၊ ၀၉-၅၁-၄၁၇၄၅၊ ဦးတင်ရွှေ(မန္တလေး) ဖုန်း-၀၉-၂၀-၀၂၇၀၄၊ မန္တလာ ဦးစိုးမြင့် ဖုန်း-၀၉-၂၀-၀၄၇၇၇၊ ၀၁-၆၅၅၂၄၂၊ ဒေါက်တာဇော်မင်းလွင် (ကျောက်ဆည်) ဖုန်း-၀၉-၂၄-၀၂၂၈၅၊ ဒေါ်မို့မို့အောင်(ရန်ကုန်) ဖုန်း-၀၁-၅၄၈၂၉၀၊ ၀၉-၅၀-၃၀၈၈၁၊ ဒေါ်ခင်မြတ်နွယ်(ရန်ကုန်)ဖုန်း-၀၁-၅၄၈၀၄၈၊ ၀၉-၅၂-၀၁၀၇၉၊ ဦးစိုးအောင် (ရန်ကုန်) ဖုန်း-၀၁-၅၇၁၇၈၁၊ ၀၉-၈၀-၂၀၄၁၈၊ ဦးခင်မောင်ဆွေ (မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၃၈၅၊ ၀၉-၂၂-၀၁၃၉၄၊ ဦးစောနိုင်ထွန်း (မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၂၆၆၊ ၂၃၆၄၄၊ ဦးမြင့်မောင်အေး (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းစက်မှု၊ မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၀၇၆၊ ၀၉-၂၂-၀၁၄၂၂၊ ဒေါက်တာဝင်းမောင် (ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၁၅၂၊ ဒေါ်သန္တာသန်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၈၂၉၊ ဒေါ်မြတ်မြတ်(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၆၀၅၊ ၀၉-၂၂-၀၁၁၇၃၊ ဦးလှမြင့် (မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၀၇၈၊ ၀၉-၅၁-၆၈၈၃၃ နှင့် ဒေါ်ရှိုင်းအေးမာမြင့် ဖုန်း-၀၆၄-၂၃၈၀၀၊ ၂၆၁၂၈တို့သို့ ဧပြီလကုန်နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ပေါက်မြို့နယ် အုန်းတော(မြောက်)ကျေးရွာ၌ စပါးခွဲဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ဖြင့် တစ်ရွာလုံး လျှပ်စစ်မီးရရှိနေမှု အခြေအနေများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စီးပွား/ကူးသန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ပေါက်မြို့နယ်၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် ဧပြီ ၁၉ရက် နံနက်ပိုင်းက ပေါက်မြို့နယ် ယင်းနောက်ကျေးရွာ၌ ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေး၊ လမ်းဖြစ်မြောက်ရေး၊ စာသင်ကျောင်းပြင်ဆင်ရေး၊ ကျေးရွာစာကြည့်တိုက် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို ဆွေးနွေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် သမားတော်ကျေးရွာ၌ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးသည်။

ကြည့်ရှုအားပေး

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် အုန်းတော(မြောက်)ကျေးရွာ၌ စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ဖြင့် တစ်ရွာလုံး လျှပ်စစ်မီးရရှိနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်

၂၁-၄-၂၀၀၉

ချောက်

၄၂ ဒီဂရီစင်တီဂရိတ်

မင်းဘူး

၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၁-၄-၂၀၀၉

မိုးကုတ်	၂ ဒသမ ၀၈ လက်မ
ကော့ကရိတ်	၁ ဒသမ ၆၉ လက်မ
ထားဝယ်	၁ ဒသမ ၀၆ လက်မ

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများ လူနေမှုဘ၀ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (Ci-Channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် (၅/၂၀၀၉) ကို မေ ၁၁ရက်မှစ၍ ရစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

သင်ကြား

သင်တန်းသူ အမျိုးသမီး ၃၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉၊ အောင်ဆန်းအားကစားပြိုင်ကွင်း အနောက်ဘက်တန်းတွင်ရယူ၍ မေ ၇ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည် ဖြစ်သည်။

(အမျိုးသမီးရေးရာ)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

အက်ဖ်အေဖလားလက်လွတ်ခဲ့ရသည့် ဖာဂူဆန်ရဲ့အမြင်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ — တိုးလွင် စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဧပြီ ၂၁

အက်ဖ်အေဖလား ဒုတိယအကြို ဗိုလ်လုပွဲမှာ အဲဗာတန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ခဲ့ရပြီး အက်ဖ်အေဖလား လက်လွတ်ဆုံးရှုံးခဲ့ရခြင်း အပေါ် မည်သို့မျှ စိတ်ထိခိုက်မှု မရှိကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

စိတ်ထိခိုက်မှုမရှိသည့် မန်ယူနည်းပြ ဖာဂူဆန်။
(အင်တာနက်ဓာတ်ပုံ)

ပွဲထုတ်နိုင်

မိမိအနေနဲ့ ဒီပွဲမှာ ကွင်းလယ်ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်အချို့ကို ဘ၀င်မကျပေမယ့် ဒီပွဲမှာ လူငယ်ကစားသမားလေးတွေကို ပွဲထုတ်နိုင်ခဲ့လို့ ပွဲရလဒ်ထက် ပိုပြီး အမြတ်ထွက်ပါတယ်လို့လည်း နည်းပြကြီး ဖာဂူဆန် ပြောကြားနေပါတယ်။

အတွေ့အကြုံ

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲမှာ မာကေးဒါ၊ ဖာဘလိုဒါဆေးလ်ဗား၊ ဝဲလ်ဘတ်၊ ဂစ်ဆင်၊ ရာဖေးလ် စတဲ့ လူငယ်ကစားသမားလေးတွေကို ပွဲထွက်ကစားစေခဲ့လို့ ပြိုင်ပွဲကြီးတစ်ပွဲကို ပါဝင်ကစားခွင့်ရသွားတဲ့ အခွင့်အရေးနဲ့ ထိုက်တန်တဲ့ အတွေ့အကြုံကို ရရှိစေခဲ့ပြီဖြစ်ပါတယ်။

အာရုံစိုက်

မန်ယူအသင်းအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်နဲ့ ပရီမီယာလိဂ်ဖလားတွေကို ကာကွယ်နိုင်ဖို့အတွက် အင်အားပြည့်ထုတ်သုံးနိုင်ဖို့၊ ပွဲရလဒ်တွေကောင်းမွန်ဖို့ကို ပိုပြီး အာရုံစိုက်ထားရတယ်လို့ ဖာဂူဆန်က ဆိုနေပါတယ်။

မိမိတို့အနေနဲ့ ပရီမီယာလိဂ်ပွဲစဉ် ခုနစ်ပွဲ ကစားဖို့ ကျန်ရှိနေသေးလို့ အဲဒီပွဲတွေမှာ ရလဒ်ကောင်းအောင် စွမ်းအားပြည့် ကစားနိုင်ဖို့ လိုပါတယ်။ ဒီလိုပါပဲ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကိုလည်း ကြံ့ခိုင်မှုအပြည့်ရှိတဲ့ အမာခံဘောလုံးသမားတွေနဲ့ ကစားရမှာဖြစ်ပါတယ်လို့လည်း ဖာဂူဆန်ကပြောကြားနေပြီး ဒီဖလားနှစ်လုံးကို ကာကွယ်နိုင်ဖို့ဟာ ကျွန်တော့်အသင်းအတွက်ရော ကျွန်တော့် ဘ၀အတွက်ပါ သိပ်အရေးကြီးနေပါတယ်လို့လည်း ဂုရုကြီး ဖာဂူဆန်က ပြောကြားနေပါတယ်။

ကျေနပ်

အက်ဖ်အေအကြို ဗိုလ်လုပွဲမှာ ကျွန်တော်ထုတ်သုံးခဲ့တဲ့လူငယ်တွေ တာဝန်ကျေကျေ ကစားနိုင်ခဲ့ကြပါတယ်။ သူတို့တွေ ခြေစွမ်းပြနိုင်ခဲ့ကြပါတယ်။ ပွဲချိန်ပြည့်ရော၊ အချိန်ပိုတွေမှာပါ သရေပွဲဖြစ်အောင် ကစားနိုင်ခဲ့ကြလို့ ကျွန်တော် ကျေနပ်ပါတယ်လို့ ဖာဂူဆန်က ဆိုပါတယ်။

စောင့်ကြည့်

မန်ယူဟာ ဧပြီ ၃၀ ရက်မှာ အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ အာဆင်နယ်နဲ့ ချန်ပီယံလိဂ် ပထမအကျော့ အကြိုဗိုလ်လုပွဲကစားရမှာဖြစ်ပြီး မေ ၅ရက်မှာ အာဆင်နယ်ကွင်းသွားပြီး ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ ကစားရမှာဖြစ်လို့ မန်ယူရဲ့ အခြေအနေကို ဖာဂူဆန် ပြောသလို ဖြစ် မဖြစ် စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

(အင်တာနက်)

မွန်တီကာလိုမာစတာဖလားတင်းနစ်ပြိုင်ပွဲ ရာဖေးလ်နာဒယ် ဗိုလ်စွဲ

ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည့် ရာဖေးလ်နာဒယ်။
(အင်တာနက်ဓာတ်ပုံ)

မွန်တီကာလို ဧပြီ ၂၁

မွန်တီကာလိုမာစတာဖလား တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဧပြီ ၂၀ရက်က ရာဖေးလ်နာဒယ်နှင့် ဒီဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ကစားရာ ရာဖေးလ်နာဒယ်က အနိုင်ရဗိုလ်စွဲကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူး

ရာဖေးလ်နာဒယ်သည် ပြိုင်ဘက် ဒီဂျိုကိုဗစ်အား ၆-၃၊ ၂-၆၊ ၆-၁ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုဖလားကို ငါးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ခွန်အားသစ်

ယခု နောက်ဆုံးဗိုလ်လုပွဲတွင် တတိယပွဲငယ်ကို ၁၃မိနစ်သာ ကစားခဲ့ပြီး ၆-၁ဖြင့် ပြတ်သားစွာအနိုင်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ယခုပွဲ၌ ဖလားရယူနိုင်ခဲ့ခြင်းသည် နောက်ထပ်ယှဉ်ပြိုင်မည့် ပွဲစဉ်များအတွက် ခွန်အားသစ်များဖြစ်စေခဲ့ကြောင်း ရာဖေးလ်နာဒယ်က ပြောကြားသည်။

(အင်တာနက်)

မန်စီးတီးတိုက်စစ်မှူး ဘယ်လာမီ ဒူးဒဏ်ရာကြောင့် ရာသီကုန်အထိနားရတော့မည်

လန်ဒန် ဧပြီ ၂၁

မန်စီးတီးတိုက်စစ်မှူး ဘယ်လာမီသည် ဒူးဒဏ်ရာရရှိခဲ့မှုကြောင့် ရာသီကုန်အထိ ဘောလုံးပွဲစဉ်များ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း မန်စီးတီးကလပ်က သတင်းထုတ်ပြန်သည်။

ဒူးဒဏ်ရာရ

ဝက်စ်ဟမ်းအသင်းမှ ပြီးခဲ့သည့် ဇန်နဝါရီလမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော ဘယ်လာမီသည် ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ဟမ်းဘတ်နှင့် ကစားခဲ့သည့်ပွဲ၌ ဒူးဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

အတည်ပြု

ဘယ်လာမီ ဒူးဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရမည်ကို နည်းပြ မာ့ခ်ဟုချ်ကလည်း အတည်ပြု ပြောကြားသည်။

(အင်တာနက်)

မန်စီးတီးတိုက်စစ်မှူး ဘယ်လာမီ။
(အင်တာနက်ဓာတ်ပုံ)

မန်ယူနောက်ခံလူ ဝက်စ်ဘရောင်း ဒဏ်ရာသက်သာ၍ ပြန်လည်ကစားမည်

လန်ဒန် ဧပြီ ၂၁

မန်ယူနောက်ခံလူ ဝက်စ်ဘရောင်း ခြေထောက်ဒဏ်ရာရရှိမှုမှ ပြန်လည်သက်သာလာပြီဖြစ်သဖြင့် မန်ယူပွဲစဉ်များ၌ ပါဝင်ကစားတော့မည်ဖြစ်ကြောင်း မန်ယူဝက်ဘ်ဆိုက်မှ ဧပြီ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

ပါဝင်ကစားနိုင်

ပြီးခဲ့သည့် နိုဝင်ဘာလကတည်းက ဒဏ်ရာရရှိခဲ့သဖြင့် မန်ယူပွဲစဉ်များ၌ ပါဝင်ကစားနိုင်ခြင်းမရှိဘဲဖြစ်နေခဲ့သော ဝက်စ်ဘရောင်းမှာ ဧပြီ ၂၂ရက် **(ယနေ့)**၌ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ပို့စ်မောက်နှင့်ပွဲ၌ ပါဝင်ကစားနိုင်မည်ဖြစ်သည်။

ထို့အတူ ဖလက်ချာလည်း တံကောက်ကြော ဒဏ်ရာရရှိနေရာမှ သက်သာလာပြီဖြစ်ရာ မန်ယူပွဲစဉ်များ၌ ပါဝင်ကစားနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

မန်ယူနောက်ခံလူ ဝက်စ်ဘရောင်း။
(အင်တာနက်ဓာတ်ပုံ)

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ရုပ်/သံအစီအစဉ်မှ ဝင်ငွေဒေါ်လာနှစ်ဘီလီယံကျော်ရရှိမည်

ဂျိုဟန်နစ္စဘတ် ဧပြီ ၂၁

တောင်အာဖရိကနိုင်ငံတွင် ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ရုပ်မြင်သံကြားထုတ်လွှင့်ခအဖြစ် အမေရိကန်ဒေါ်လာ ၂ဒသမ ၇ဘီလီယံ ရရှိမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ရုပ်မြင်သံကြား ထုတ်လွှင့်မှုဆိုင်ရာ ညွှန်ကြားရေးမှူး နက်လက်စ်အဲရစ်ဆင်က ဧပြီ ၂၁ရက်၌ ပြောကြားသည်။

ကြည့်ရှုနိုင်

ဖီဖာက ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ကမ္ဘာ့တစ်ဝန်းရှိ ရုပ်/သံ ကြည့်ရှုနိုင်သည့် ဆဲလ်ဖုန်းများသို့လည်း ကမ္ဘာ့ဖလားဘောလုံးပွဲများ ကြည့်ရှုနိုင်ရန် တောင်းဆိုမှုများမှာလည်း ဆဲလ်ဖုန်းအလုံးရေ သန်းနှင့်ချီကာ ရှိနေကြောင်း ၎င်းက ပြောကြားသည်။

ဝင်ငွေတိုး

ထို့အတူ အာဖရိကတိုက်နိုင်ငံများကလည်း ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အာဖရိကအသင်း တစ်သင်း နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်မည်လားဟူသော မျှော်လင့်ချက်ဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုကို ကြည့်ရှုကြမည်ဖြစ်ရာ ရုပ်မြင်သံကြား ထုတ်လွှင့်မှုမှ ဝင်ငွေတိုးလာမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးမှူး ကျောင်းဆရာ ဆရာမများအတွက် ရှေးဦးပြုစုခြင်း နည်းပြသင်တန်းဖွင့်

လှိုင်ကော် ဧပြီ ၁၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ကျောင်းဆရာ ဆရာမများအတွက် ရှေးဦးပြုစုခြင်း နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် မွန်းလွဲ ၂နာရီက လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သင်တန်းတာဝန်ခံက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို မတ် ၂၆ရက်မှ ဧပြီ ၈ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အခြေခံနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့မှ ဆရာ ဆရာမ ၃၁ဦးတို့ သင်တန်းတက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သန္ဓေ၊ အရန်တပ်ဖွဲ့ဝင်များတွေ့ဆုံ

မန္တလေး ဧပြီ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ရုံးချုပ်ဒုတိယညွှန်ကြားရေးမှူး ဦးသန်းငွေးရွှေ လိုက်ပါလျက် မတ် ၂၁ရက်က မန္တလေးတိုင်း မီးသတ်ဦးစီးဌာနသို့ ရောက်ရှိရာ သန္ဓေ၊ အရန်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မီးသတ်ယာဉ်များ စစ်ဆေးသည်။ (ဝဲပုံ)

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က မီးလောင်မှုလျှော့နည်းရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးလောင်ဖြစ်စဉ်များတွင် အိမ်ရှင်အား ဥပဒေအရ ထိရောက်စွာ အရေးယူရေး၊ မီးသတ်ယာဉ်များနှင့်မီးသတ်တပ်ဖွဲ့ဝင်များ အသင့်အနေအထားရှိရေး၊ သတိ၊ သစ္စာ၊ သတ္တိရှိရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်များကို မြေပုံနှင့်တကွ ရှင်းပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံအားပေး

ထို့နောက် မီးသတ်ယာဉ်များ ကြည့်ရှုစစ်ဆေးခြင်း၊ မတ်၁၁ရက်က မီးလောင်ပြင်ထွက်သွားရင်း ဆိုင်ကယ်ရောင်တိမ်းရာမှ မီးသတ်ယာဉ်တိမ်းမှောက်ပြီး ဒဏ်ရာရရှိသော မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ကြည့်ရှု

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် တိုင်းဦးစီးမှူးလိုက်ပါလျက် နန်းရှေ့သန္ဓေစခန်း၊ သီရိမာလာအနောက် အရန်မီးသတ်စခန်းနှင့် ချမ်းမြသာစည်မြို့နယ်သန္ဓေစခန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝ၉ဝ)

ကျောက်ဆည်မြို့နယ် စမာတိုက်နယ်ဆေးရုံသို့ ဆေးပဒေသာပင် စိုက်ထူလှူဒါန်း

ကျောက်ဆည် ဧပြီ ၁၆

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် စမာတိုက်နယ်ဆေးရုံသို့ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းသည့် အခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၉ နာရီက စမာကျေးရွာရှိ တိုက်နယ်ဆေးရုံ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုလွှာများပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၀၀၀၀၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်လှိုင်၊ ဦးအောင်အောင်-ဒေါက်တာ ဒေါ်တင်အိအိခိုင် (မိသားစု)၊စမာတိုက်နယ် ကျန်းမာရေးမိသားစုက ငွေကျပ် ၅၀၀၀၀စီ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုအဖွဲ့ ဒေါက်တာ အောင်ထိုက်ဝင်း-ဒေါက်တာ ဒေါ်သီဂီသန့်ဦး (မိသားစု)တို့က ငွေကျပ်၂၀၀၀၀စီ၊ စင်းကွန်း၊ ဒါန်းတိုင်ကျေးရွာအုပ်စုတို့က ငွေကျပ် ၂၀၀၀၀၀စီ၊ ပေတောကြီး၊ ဘုံကွင်းကျေးရွာအုပ်စုတို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ကျီးပြုပန်းခွာ၊ ကတဲ၊ သာဂရပန်နှင့် ရန်ဘက်လိုကျေးရွာအုပ်စုတို့က ငွေကျပ် ၁၀၀၀၀၀စီ ပေးအပ်လှူဒါန်းကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရင့်နောင်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ဖေဖော်ဝါရီ ၂၇ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာဖြင့် နွေစပါးရိတ်သိမ်း

စပါးခွံလောင်စာသုံးဓာတ်ငွေ့ထုတ်စက်ဖြင့် လက်တွေ့ခြွေလှေ့

မော်လမြိုင်ကျွန်း ဧပြီ ၁၇

မော်လမြိုင်ကျွန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၃) ထွန်စက်စခန်းမှ ကြီးမှူးကျင်းပသော စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာဖြင့် ရိတ်သိမ်းခြွေလှေ့သရုပ်ပြပွဲကို ဧပြီ ၁၀ရက် နံနက် ၈နာရီက မော်လမြိုင်ကျွန်းမြို့နယ် မှန်ကူကနစိုချောင်းကျေးရွာအုပ်စု ကနစိုချောင်းကျေးရွာ စံပြတောင်သူလယ်သမားဦးတင့်လွင်၏ သီးထပ်ရင် နွေစပါးလယ်မြေ ရှစ်ဧက၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

ယင်းသရုပ်ပြသပွဲသို့ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဌွေးနှင့် ဝန်ထမ်းများ၊ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံမှဝန်ထမ်းများ၊ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသက်ဇော်နှင့်အဖွဲ့ဝင်များ၊ မှန်ကူ၊ ကနစိုချောင်း၊ ကျွဲတလင်း၊ တောင်ပို့တထုံး၊ သပြေချောင်း၊ဝဲချောင်း၊မဲဇလီချောင်း၊ ကညင်ချောင်းနှင့် နှံ့းတန်းကျေးရွာများမှ လေ့လာရေးတောင်သူလယ်သမား ၁၃၅ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

လက်တွေ့သရုပ်ပြ

ယင်းနောက် သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော4GL ၁၂၀အေ အမျိုးအစား စပါးရိတ်စက်ဖြင့် တောင်သူလယ်သမား ဦးတင့်လွင်၏ နွေစပါးလယ်မြေကို သရုပ်ပြရိတ်သိမ်းကြပြီး ထွက်ရှိလာသော စပါးကောက်လိုင်းများအား စပါးခွံလောင်စာသုံး ဓာတ်ငွေ့ ထုတ်စက်ဖြင့် လက်တွေ့ သရုပ်ပြ ခြွေလှေ့ ပြသကြသည်။

အထူးနှစ်ခြိုက်

အဆိုပါ သရုပ်ပြပွဲတွင် စပါးရိတ်စက်နှင့် စပါးခွံလောင်စာသုံးဓာတ်ငွေ့ ထုတ်စက်တို့၏ စက်စွမ်းအားကိုပြသခဲ့ရာ လုပ်ငန်းတွင်ကျယ်ပြီး ဒီဇယ်ဆီစား ၇၀ ရာခိုင်နှုန်း သက်သာစေသဖြင့် လေ့လာရေးတောင်သူလယ်သမားများ အထူးနှစ်ခြိုက်သဘောကျကြောင်း သိရသည်။ (၁၄၂)



မော်လမြိုင်ကျွန်းမြို့နယ် မှန်ကူကနစိုချောင်းကျေးရွာအုပ်စု ကနစိုချောင်းကျေးရွာ စံပြတောင်သူ လယ်သမား ဦးတင့်လွင်၏ သီးထပ်ရင် နွေစပါးလယ်မြေကို သရုပ်ပြ ရိတ်သိမ်းကြပြီး ထွက်ရှိလာသော စပါးကောက်လှိုင်းများအား စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ဖြင့် လက်တွေ့ သရုပ်ပြ ခြွေလှေ့ ပြသစဉ်။ (၁၄၂)

စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်း

မိုးကောင်းမြို့နယ် ကံလှကျေးရွာအုပ်စု ကံလှရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်နှင့်ငွေပဒေသာပင်လှူဒါန်းပွဲကို မတ် ၂၂ ရက်က ကျေးရွာရုံး၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်လေးငယ်(ခင်လေးငယ်)က သုတ၊ ရသစာအုပ်နှင့် စာနယ်ဇင်းမျိုးစုံ ၁၀၁အုပ်ကို စာကြည့်တိုက်မှူး ဒေါ်သန်းသန်းနွယ်ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၁)

ကညွတ်ကွင်း မုန်တိုင်လမ်းနှင့် စက်တောင်(၁)လမ်းဖွင့်

ဖြူး ဧပြီ ၁၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကညွတ်ကွင်းမြို့ မုန်တိုင်လမ်းနှင့် စက်တောင်(၁)လမ်း ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၉နာရီက မုန်တိုင်လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါမုန်တိုင်လမ်းမှာ အရှည်ပေ ၉၉၀၊ အကျယ် ၁၂ပေရှိပြီး နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၄၀၀၀၀၀၀ ဖြင့်လည်းကောင်း၊ စက်တောင်(၁)လမ်းမှာ အရှည် ပေ ၇၈၀၊ အကျယ် ၁၂ပေရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၁၀၀၀၀၀၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီး၍ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တိုင်းအတွင်းရေးမှူး ဦးဖေသိန်း၊ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် ရပ်မိရပ်ဖ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

ထပ်ပိုးလွှာခင်း

မင်းကင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့တော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်း၊ အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင်တို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကြိမ်ချောင်းကျေးလက်လမ်းတံတားပေါ်ရှိ ပြောင်ပိုက်တံတားဆောင်ရွက်ပြီးစီးမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးကြိုဂုန်လျှော် စိုက်ပျိုးထုတ်လုပ်မှု ညောင်တုန်း၌ တာဝန်ပေးအပ်

ညောင်တုန်း ဧပြီ ၁၃

ညောင်တုန်းမြို့နယ် ၂၀၀၉-၂၀၁၀ခုနှစ် မိုးကြိုဂုန်လျှော်စိုက်ပျိုးထုတ်လုပ်မှု တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၈ရက်က ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က စက်မှုကုန်ကြမ်းသီးနှံ ဂုန်လျှော်နှင့် ချည်ပေါင်လျှော်ကို လျာထားချက်နှင့်အညီ ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ရန်မှာကြားပြီး မအူပင်ခရိုင် ဖုန်မန်နေဂျာ ဦးအောင်မျိုးမြင့်က တောင်သူလယ်သမားများ ပိုမိုအကျိုးဖြစ်ထွန်းအောင် ဂုန်လျှော်ဈေးနှုန်း တိုးမြှင့်လိုက်ပြီဖြစ်သဖြင့် ဂုန်လျှော်သီးနှံကို အပြည့်အဝစိုက်ပျိုးရန်နှင့် ပံ့ပိုးမှုအစီအစဉ်များကို ရှင်းလင်းပြောကြား၍ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးကျော်လွင်က မြေယာဥပဒေများနှင့် လျာထားသီးနှံ စိုက်ပျိုးထုတ်လုပ်ရေးကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က ညောင်တုန်းမြို့နယ်အတွင်းရှိ မြို့မ၊ ချောင်းကြီး၊ နတ်ပေး ဂုန်လျှော်ဝယ်ယူရေးစခန်း နယ်မြေများမှ ကျေးရွာအုပ်စု ၂၀တို့တွင် ဂုန်လျှော်သီးနှံ ဧက၃၀၀၀ စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။**(အပေါ်ပုံ)**

ဝယ်ယူမည်

ယခုနှစ် စိုက်ပျိုးထွက်ရှိမည့် ဂုန်လျှော်များကို အထူးတန်းတစ်ပိဿာ ကျပ် ၃၈၀၊ ပထမတန်း ကျပ် ၃၅၀၊ ဒုတိယတန်း ကျပ် ၃၀၀၊ တတိယတန်း ကျပ် ၂၄၀၊ ချည်ပေါင်လျှော် အထူးတန်း ကျပ် ၃၂၀၊ ပထမတန်း ကျပ် ၂၉၀၊ ဒုတိယတန်း ကျပ် ၂၄၀၊ တတိယတန်း ကျပ် ၁၉၀ ဈေးနှုန်းများဖြင့် ဈေးနှုန်းတိုးမြှင့် ဝယ်ယူသွားမည့်အပြင် ဂုန်လျှော်အပင်ခြောက် တစ်ပိဿာလျှင် ကျပ် ၁၀၀နှုန်းဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၅၂)

မီးဘေးကြိုတင်ကာကွယ်ရေး လှိုင် ပရိဘောဂစက်ရုံ၌ သရုပ်ပြ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းအတွင်း မီးလောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် စက်ရုံအလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့သစ်လုပ်ငန်း အမှတ်(၅) ပရိဘောဂစက်ရုံမှ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို မတ် ၂၆ရက် နံနက်ပိုင်းက အဆိုပါစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

ကြီးကြပ်ဆောင်ရွက်

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင်စိုးက အမှာစကားပြောကြားပြီး လှိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်နိုင်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောကာ ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း၊ စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုစွမ်းရည် လက်တွေ့သရုပ်ပြသမှုကို စက်ရုံမှူး ဒေါ်နုနုသိန်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

နွားထိုးကြီး၌ သက်ကြီး အဘိုးအဘွားများ ပူဇော်ကန်တော့

နွားထိုးကြီး ဧပြီ ၁၀

အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲအခမ်းအနားကို မတ် ၃၁ရက်က နွားထိုးကြီးမြို့နယ် သမင်ဘေးကျေးရွာနှင့် ဆူးရစ်ကုံးကျေးရွာတို့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ (၀၉၂)

မြို့နယ် သတင်းများ

ယာဉ်မောင်းသူများ ယာဉ်/လမ်းစည်းကမ်းလိုက်နာရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

လားရှိုး ဧပြီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကော်မတီ အတွင်းရေးမှူး(ယာဉ်ထိန်း) ဒုတိယရဲမှူး စိုးနိုင် ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ရက်မှ ၁၇ရက်အထိ လားရှိုးမြို့တွင်းသို့ ဝင်ရောက်လာသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိ မရှိ ရှောင်တခင် စစ်ဆေးအရေးယူခြင်း၊ ပညာပေးဆွေးနွေးမှာကြားခြင်း **(ယာပုံ)** လုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြသည်။

အရေးယူ

ထို့ပြင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး စစ်ဆေးရေးအဖွဲ့မှ ရန်ကုန်၊ မန္တလေးနှင့် မူဆယ်မြို့များသို့ ပြေးဆွဲလျက်ရှိသော ခရီးသည်လိုင်းကားများ၊ မြို့ဝင်၊ မြို့ထွက်များတွင် မော်တော်ဆိုင်ကယ် မောင်းနှင်သူများ သတ်မှတ်ထားသော စည်းကမ်းချက်နှင့် ကိုက်ညီမှုရှိ မရှိ၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်း မဆောင်းတို့ကို စစ်ဆေးအရေးယူခဲ့ရာ မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ် ၃၈၄စီးကို အရေးယူနိုင်ခဲ့ကြောင်း သိရသည်။ (၀၂၆)

မှုခင်း သတင်း တွံတေးတူးမြောင်းအတွင်း လှေမှောက်၍ လေးဦးသေဆုံး

တွံတေး ဧပြီ ၁၈

တွံတေးတူးမြောင်းအတွင်း လှေမှောက်၍ ခရီးသည်လေးဦး သေဆုံးခဲ့သည်။

နစ်မြုပ်

ဖြစ်ပွားပုံမှာ ဧပြီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က တွံတေးဘက်ကမ်းမှ မြရိုးကျေးရွာတစ်ဖက်ကမ်းသို့ စက်တပ်လှေငယ်တစ်စင်းသည် ခရီးသည် ၁၅ဦးတင်ဆောင်ကာ ထွက်ခွာလာစဉ် စက်တပ်လှေမှာ ကမ်းစပ်ရောက်ခါနီး ပေ ၅၀ ခန့်အကွာတွင် ဝန်နှင့်အားမမျှ၍ လှိုင်းပုတ်ကာ နစ်မြုပ်သွားသည်။

လှေပေါ်ပါ ခရီးသည်များဖြစ်ကြသော လျှမ်းထက် (၂၅နှစ်) (ဘ)ဦးသန်းထွန်း ဈေးသစ်ပိုင်း၊ ကျော်သူ (၂၂နှစ်) (ဘ) ဦးလှရွှေ ကုံ့ကြီး စလမ်း၊ မင်းဇော်အောင် အသက် (၂၀) (ဘ)ဦးမြင့်အောင် ရှမ်းစုရွာသစ်၊ မဇင်မာခိုင်(၂၆နှစ်) (ဘ)ဦးအောင်မျိုး ကံသာယာရပ်ကွက်တို့မှာ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ အမှုနှင့်ပတ်သက်၍ တွံတေးရဲတပ်ဖွဲ့စခန်းမှ အရေးယူထားသည်။ (၁၀၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား Zijin Mining Group Co., Ltd. မှ လာရောက်တွေ့ဆုံ

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် Zijin Mining Group Co., Ltd. မှ ဥက္ကဋ္ဌ ချိန်ကျင်းဟဲတို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား Zijin Mining Group Co., Ltd. ဥက္ကဋ္ဌ ချိန်ကျင်းဟဲသည် ဧပြီ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် Yeohwa Hotel, Xin Yue အဆောက်အအုံရှိ အခန်း(ဘီ)သို့ လာရောက်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

ထိုသို့လာရောက်တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

Zijin Mining Group Co., Ltd. ဘက်မှ ဥက္ကဋ္ဌ ချိန်ကျင်းဟဲ၊ ဒုတိယဥက္ကဋ္ဌ လန်ဖုရှင်းတို့ တက်ရောက်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ဖူးကျင့်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာဟုန်ကျယ်ရှို၊ ဖူးကျင့်ပြည်နယ်အစိုးရအဖွဲ့ရုံး ဒုတိယအထွေထွေအတွင်းရေးမှူး လော့ကျန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့သို့ရောက်ရှိ Yinlu Group Co., Ltd. နှင့် Lenovo Mobile Communication လေ့လာ

နေပြည်တော် ဧပြီ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၈ ရက် ည ၈ နာရီတွင် စန်းရမြို့မှ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့သို့ တရုတ်လေကြောင်းဖြင့် ဆက်လက်ထွက်ခွာရာ ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lin Fanglue နှင့် တာဝန်ရှိသူများက စန်းရမြို့လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရှားမင်းမြို့သို့ ည ၁၀ နာရီတွင် ရောက်ရှိကြရာ ဖူးကျင့်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ဟုန်ကျယ်ရှို၊ ရှားမင်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ ကျန်းဆန်းကျို့၊ ဖူးကျင့်ပြည်နယ် အစိုးရရုံး ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာ လော့ကျန့်၊ *စာမျက်နှာ ၉ ကော်လံ ၁* ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့ရှိ Yinlu Group Co., Ltd. ၏ စားသောက်ကုန်နှင့် အဖျော်ယမကာစက်ရုံတွင် စက်ရုံတည်ဆောက်ထားမှု ပုံစံငယ်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)